# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ... ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၂၈၇)


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားတက်ရောက်

## ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယုံကြည်စိတ်ချစွာ ပါဝင်ရင်းနှီးမြှုပ်နှံကြရန် လှိုက်လှိုက်လှဲလှဲဖိတ်ခေါ်လို

နေပြည်တော် ဇူလိုင် ၂၈

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုခိုင်မာစေရန်နှင့် မြန်မာနိုင်ငံ၏လူမှုစီးပွားကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်မြင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်းနှင့် ဂျပန်နိုင်ငံ INGO Peace တို့ ပူးပေါင်းကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(ရန်ကုန်)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးထိန်လင်း၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ဦးမျိုးသန့်၊ ဦးမောင်မြင့်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဂျပန်နိုင်ငံ INGO Peace ဥက္ကဋ္ဌ Mr. Nakazawa Hiroyuki နှင့် ထိပ်တန်းဂျပန်ကုမ္ပဏီများမှ အကြီးအကဲများ၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဂျပန်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်လျက်ရှိသည့် မြန်မာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာကြည့်ရှုစဉ်။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၈

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ ဟယ်လ်ဒီယာမြို့၏ အနောက်တောင်ဘက်တွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ သြဂုတ် ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



## ဖျာပုံခရိုင်အတွင်း မိုးစပါး ရေကြီးနစ်မြုပ်မှု မဖြစ်ပေါ်စေရေး ဆောင်ရွက်ပေးလျက်ရှိ

ဖျာပုံ ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ မိုးစပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်မှု မဖြစ်ပေါ်စေရေး ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ကျွန်းတွင်းပိုလျှံမိုးရေများ အချိန်မီထုတ်နုတ်နိုင်စေရေးအတွက် ရေတံခါးအထွက်မြောင်းများ တူးဖော်ပေးခြင်း၊

*စာမျက်နှာ ၅ ကော်လံ ၆* ○


**ယနေ့ ဖတ်စရာ**

နှလုံးသွင်းမှန်၍ အလယ်အလတ် အမှန်လမ်းမှသည် ငြိမ်းချမ်းရေးသို့ — ဆောင်းပါး — စာ ၆

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ — လွှတ်တော်ရေးရာ — စာ ၇

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ ကျင်းပ — လွှတ်တော်ရေးရာ — စာ ၈

ဆယ်ကျော်သက်များဆီသို့ - ကျား မ အခြေပြု အကြမ်းဖက်မှုအကြောင်း — ဆောင်းပါး — စာ ၁၆


## ဟိုပုံးမြို့နယ်၌ ကော်ဖီဧက ၃၀၀၀ တွင် တွဲဖက်စိုက်ပျိုးရန် ခါတော်မီပင် ၂၃၀၀၀၀ ကျော် ဖြန့်ဝေပေး

ဟိုပုံး ဇူလိုင် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသတွင် တောင်သူများ ကော်ဖီဧက ၃၀၀၀ စိုက်ပျိုးရန်အတွက် ကော်ဖီနှင့် တွဲဖက်စိုက်ပျိုးမည့် အရိပ်ရ ခါတော်မီပင် ၂၃၀၀၀၀ ကို ဟိုပုံးမြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ကော်ဖီစိုက်တောင်သူများထံ ယနေ့ဖြန့်ဝေပေးသည်။

ကော်ဖီစိုက် တောင်သူများအတွက် ကော်ဖီစိုက်ပျိုးမှု ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ကော်ဖီစိုက်ခင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



# တရားဦး လမြတ်ဝါဆို

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် သိဒ္ဓတ္ထမင်းသားသည် နေရဉ္စရာမြစ်ကမ်းပါးအနီး ဗောဓိပင်ရင်း၌ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ ဣသိပတန မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားကို ဟောတော်မူသည်။

"ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။" ဟူ၍ လယ်တီဆရာတော်ကြီးက ကြည်ညိုအထူးညွတ်နူးဖွယ်ရာ ဖွဲ့ဆိုခဲ့သည်။ ပွင့်တော်မူ ဂေါတမမြတ်စွာဘုရားရှင်သည် မဟာဗောဓိပင်အနီးတွင် သတ္တသတ္တာဟ ခုနစ်ရက် ခုနစ်ဌာန သီတင်းသုံးစံပယ်တော်မူပြီးနောက် ၄၉ ရက်မြောက်သောနေ့တွင် အလွန်တရာနက်နဲလှစွာသော တရားတော်၏ သဘောကို ဆင်ခြင်စောကြောကာ လောဘ၊ ဒေါသ၊ မောဟတို့ ထူပြောလှသည့် ပုထုဇဉ်တို့ နားလည်သဘောပေါက်ရန် ခဲယဉ်းလှသည်ကို သိမြင်တော်မူခဲ့သည်။

သဟမ္ပတိဗြဟ္မာက တရားဦးဟောကြားပေးပါရန် ပန်ကြားလျှောက်ထားခြင်းကြောင့် ဘုရားရှင်က မည်သူအား ဟောကြားရမည်ကို ဆင်ခြင်သည့်အခါ ရှေးဦးစွာ အာဠာရရသေ့နှင့် ဥဒကရသေ့တို့အားမြင်တော်မူသည်။ သို့ရာတွင် ထိုရသေ့နှစ်ပါးတို့ အသီးသီးစုတေကုန်၍ အရူပဘုံသို့ ရောက်ကြသည်ကိုသိတော်မူ၍ ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ခဲ့စဉ်က အလုပ်အကျွေးပြုဖူးခဲ့ကြသည့် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောတော်မူရန် ဆင်ခြင်တော်မူကာ မြောက်ဘက် ၁၈ ယူဇနာကွာဝေးသည့် မိဂဒါဝုန်တောဆီသို့ ခြေကျင်ခရီးကြွမြန်းတော်မူသည်။

မြတ်ဗုဒ္ဓ၏ ပထမဦးဆုံးသောတရားဖြစ်သည့် ဓမ္မစကြာကို ဟောကြားတော်မူသည့်နေရာသည် ဈာနလာဘီ ယောဂီရသေ့တို့ ကောင်းကင်မှသက်ဆင်းရာဖြစ်၍ ဣသိပတနဟူ၍လည်းကောင်း၊ သမင်တို့အား ဘေးမဲ့ပေးရာအရပ်ဖြစ်၍ မိဂဒါယ ဟူ၍လည်းကောင်း အမည်နာမနှစ်မျိုးရှိသည့် တောဖြစ်သည်။ တရားဦးဓမ္မစကြာ ဟောကြားတော်မူသည့်အချိန်အခါသည် ဝါဆိုလပြည့်နေ့ ဆည်းဆာအရှေ့ဘက်ကောင်းကင်ယံတွင် လပြည့်ဝန်းနှင့် အနောက်ဘက်ကောင်းကင်တွင် နေဝင်စအခါသမယဖြစ်၍ တရားနာပရိသတ်တို့မှာ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဟူသည့် လူသား ပဉ္စဝဂ္ဂီ ငါးဦးနှင့် နတ်ဗြဟ္မာပေါင်း တစ်ရာ့ရှစ်ကုဋေတို့ဖြစ်သည်။

ဓမ္မစကြာတရားတော်သည် ရဟန်းတို့ရှောင်ကြဉ်ရမည့် အစွန်းတရားနှစ်ပါးနှင့် ကျင့်ဆောင်ရမည့် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ကိုညွှန်ပြသည်။ အစွန်းနှစ်ပါးသည် ကာမသုခလ္လိကာနုယောဂဟူသည့် ကာမဂုဏ်စည်းစိမ်တို့ကို လွန်ကျူးစွာခံစားသည့် အစွန်းတစ်ပါးနှင့် အတ္တကိလမထာနုယောဂဟူသည့် မိမိကိုယ်ကို ညှဉ်းဆဲကာ တရားရှာဖွေသည့် အစွန်းတစ်ပါးတို့ဖြစ်ပြီး အကျိုးမရှိသည့် အယုတ်တရားများအဖြစ် သတ်မှတ်သည်။ ရဟန်းတို့ ကျင့်သုံးရမည့် မဇ္ဈိမပဋိပဒါသည် ရှစ်ခုသောလမ်းစဉ်ဖြစ်သည့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ ဖြစ်သည်။ မဇ္ဈိမပဋိပဒါလမ်းစဉ်သည် ဉာဏ်စက္ခုအလင်းကိုရစေသည်။ အသိဉာဏ်ကို တိုးပွားစေသည်။ ကိလေသာတို့ကို ငြိမ်းအေးစေသည်။ သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်စေသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်စေသည်ဟု ဟောကြားတော်မူသည်။

တရားဦး ဓမ္မစကြာတွင် သစ္စာလေးပါးဖြစ်သော ဆင်းရဲခြင်းအမှန် – ဒုက္ခသစ္စာ၊ ဆင်းရဲခြင်းဖြစ်ကြောင်း အမှန် – သမုဒယသစ္စာ၊ ဆင်းရဲငြိမ်းရာအမှန် – နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာရောက်ကြောင်း အကျင့်ကောင်း အမှန်–မဂ္ဂသစ္စာတို့ကို ဟောကြားတော်မူခဲ့သည်။ အရိယသစ္စာလေးပါးခေါ် စတ္တာရိ အရိယ သစ္စာနိတွင် ဗုဒ္ဓဒေသနာတော်၏ အဆီအနှစ်တို့ ကိန်းအောင်းတည်ရှိနေသည်ဟု ဆရာတော်သံဃာတော်များက လမ်းညွှန်ဟောကြားတော်မူကြသည်။ အရိယသစ္စာလေးပါးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်ကိစ္စလေးရပ်ရှိရာ ဒုက္ခသစ္စာကို ရှင်းလင်းပြည့်စုံစွာ သိနားလည်ရန်၊ သမုဒယသစ္စာကို စွန့်ပစ်ပယ်ဖျောက် အမြစ်မှနုတ်ပယ်ရန်၊ နိရောဓသစ္စာအတွက် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန်ဖြစ်၍ မဂ္ဂသစ္စာဟူသည် မည်မျှပင် စုံလင်စွာ သိနားလည်သည်ဖြစ်စေ ကိစ္စမပြီးမြောက်ဘဲ လမ်းစဉ်အတိုင်း ကျင့်ကြံလိုက်နာ အားထုတ်ဆောင်ရွက်ကြရန်ဖြစ်သည်ဟုလည်း ဆုံးမလမ်းညွှန်ထားသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် တရားဦးဓမ္မစကြာ ဟောတော်မူသည်မှ အစပြုကာ သက်တော်ထင်ရှားရှိခဲ့သည့် ၄၅ ဝါပတ်လုံး အမျိုးဇာတိ ရာထူးဂုဏ်သိန် ယောက်ျား မိန်းမ ဆင်းရဲ ချမ်းသာ ခွဲခြားမှုမရှိဘဲ ငြိမ်းအေးရာအမှန် မြတ်သောနိဗ္ဗာန်သို့ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ မဂ္ဂင်ရှစ်ပါး လမ်းရှစ်သွယ်တရားတို့ကို ကျင့်သုံးခြင်းဖြင့် လောကီလောကုတ်နှစ်ဖြာသော အကျိုးတရားတို့ ရရှိနိုင်ကြပါစေကြောင်း။ ။

---

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "

---

## ၂၈-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

---

## သံအမတ်ကြီး ဦးမောင်မောင်စိုး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဇူလိုင် ၂၈

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်မောင်စိုး သည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၈ ရက် (အင်္ဂါနေ့) တွင် မင့်စ်မြို့ရှိ သမ္မတအိမ်တော်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ သတင်းစဉ်

---

**တစ်အိမ်လုံးတွင် မည်သူမျှမရှိနေချိန်၌ မလိုအပ်သောလျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကိုချွေတာသုံးစွဲပါ**

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉ – ၇ – ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၃၅၀ | ၃၄၉၀ | ၃၄၄၅ | ၃၃၆၅ | ၃၄၉၅ | ၃၅၁၀ | ၃၅၃၅ | ၃၄၃၀ | ၃၇၅၀ | ၃၇၉၀ | ၃၄၅၀ | ၃၅၅၀ | ၃၅၃၅ | ၃၄၉၅ | ၃၅၁၀ | ၃၇၅၀ |
| 95 Ron | ၃၄၆၀ | ၃၆၀၀ | ၃၅၅၅ | ၃၄၇၅ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၅ | ၃၅၄၀ | ၃၈၆၀ | ၃၉၀၀ | ၃၅၆၀ | ၃၆၃၅ | ၃၆၄၅ | ၃၆၀၅ | ၃၆၂၀ | ၃၈၆၀ |
| HSD (500 ppm) | ၃၅၆၀ | ၃၆၉၀ | ၃၆၅၀ | ၃၅၇၅ | ၃၆၉၅ | ၃၇၁၀ | ၃၇၃၅ | ၃၆၃၅ | - | ၃၉၈၀ | ၃၆၅၅ | ၄၀၈၀ | ၃၇၃၅ | ၃၆၉၅ | ၃၇၁၀ | ၃၉၄၀ |
| HSD (50 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၉၅ | ၄၇၁၅ | ၄၇၅၀ | ၄၄၁၀ | ၄၅၉၅ | ၄၄၉၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |
| HSD (10 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၉၅ | | ၄၇၅၀ | ၄၄၁၀ | ၄၅၉၅ | ၄၄၉၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၁၆၇ | ၃၂၆၄ |
| 95 Ron | ၃၂၇၄ | ၃၃၇၃ |
| HSD (500 ppm) | ၃၃၈၀ | ၃၄၇၇ |
| HSD (50 ppm) | ၄၀၉၉ | ၄၂၁၀ |
| HSD (10 ppm) | ၄၀၉၉ | ၄၂၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်–ဒုတိယစာတည်းမှူးချုပ်** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

Online Newspaper






နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာ-ဂျပန်စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

❖ ရှေ့ဖုံးမှ

### ဂုဏ်ပြုဖျော်ဖြေတင်ဆက်

ဦးစွာ နိုင်ငံတော်သမ္မတက မြန်မာ-ဂျပန်စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "နန်းတွင်းအက တေးအလှ" ယိမ်းအကဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်ပြည်သူများအကြား အပြန်အလှန်လေးစားမှု၊ ချစ်ခင်မှု၊ ရင်းနှီးမှုနှင့်ထားရှိသည့် သံယောဇဉ်များသည် နှစ်နိုင်ငံသမိုင်းတွင် စံပြု၍ရသည်အထိ စွဲမြဲတည်တံ့လျက်ရှိကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၅၄ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သဖြင့် ယခုဆိုပါက နှစ်ပေါင်း (၇၀) ကျော်ခဲ့ပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကြောင့် မြန်မာပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် များစွာအထောက်အကူပြုခဲ့သည်ကို အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း။

နှစ်နိုင်ငံကုန်သွယ်မှု ကိန်းဂဏန်းအချက်အလက်များကိုကြည့်ပါက မြန်မာ-ဂျပန် နှစ်နိုင်ငံကုန်သွယ်မှု (Bilateral Trade) ပမာဏသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၃၄ ဒသမ ၇၉၅ သန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၉၄ ဒသမ ၃၉၄ သန်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၄၃ ဒသမ ၆၆၅ သန်းဖြင့် တိုးတက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၅၈ ဒသမ ၅၈ သန်းရှိခဲ့ပြီး ဂျပန်နိုင်ငံမှ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၈၁ သန်း တင်သွင်းခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၉၄ ဒသမ ၃၉၄ သန်း ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုတွင် ဂျပန်နိုင်ငံ၏ ပါဝင်မှုရာခိုင်နှုန်းသည် ၄ ဒသမ ၃၈ ရာခိုင်နှုန်းရှိခဲ့ပြီး ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံ အဆင့် ၆ တွင် ရပ်တည်လျက်ရှိကြောင်း။

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည့် အဓိကပို့ကုန်များအနေဖြင့် ချုပ်လုပ်ပြီး အထည်များ၊ ဖိနပ်ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ ပုလဲနှင့် လျှပ်စစ်ပစ္စည်းများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည့် အဓိကသွင်းကုန်ပစ္စည်းများမှာ အထည်အလိပ်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဇာနှင့်ဇာထိုးထားသည့် အထည်အလိပ်များပင်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်မှတစ်ဆင့် မြန်မာ-ဂျပန် နှစ်နိုင်ငံကုန်သွယ်မှုကို ယခင်ကထက် ပိုမိုမြင့်တင်

**❖ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် လူငယ်အင်အား၊ လုပ်သားအင်အား စသည့်အားသာချက်များကို ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ အဆင့်မြင့်နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံ၊ နည်းပညာ စသည်တို့နှင့်ပေါင်းစပ်လိုက်မည်ဆိုပါက နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေမည့် (Win-Win) စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်**

နိုင်မည်ဟု မျှော်လင့်ပါကြောင်း။

### ဘီလီယံပေါင်းများစွာ လာရောက်ရင်းနှီးမြှုပ်နှံထား

ရင်းနှီးမြှုပ်နှံမှုကိုကြည့်ပါကလည်း ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုတွင် အဓိကအရေးပါသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန် (Thilawa SEZ) သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသည့် ပြယုဂ်တစ်ခုဖြစ်ပြီး စက်မှုဇုန်၊ ကုန်ထုတ်လုပ်မှု၊ ထောက်ပံ့ပို့ဆောင်ရေး (Logistics)၊ စွမ်းအင်နှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ဂျပန်နိုင်ငံကရင်းနှီးမြှုပ်နှံမှု ဘီလီယံပေါင်းများစွာ လာရောက်ရင်းနှီးမြှုပ်နှံထားသည်ကို တွေ့ရှိရကြောင်း။

သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံး ၂၉ ဒသမ ၉၂ ရာခိုင်နှုန်းဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး မြန်မာ-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အထင်ကရစီမံကိန်းတစ်ခုဟု ဆိုနိုင်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၌ ဂျပန်ကုမ္ပဏီပေါင်း ၅၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံထားရှိပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် မတ်လအထိ ဂျပန်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံ ၂၁ နိုင်ငံနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီစုစုပေါင်း ၁၂၆ ခုကို ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုပေးထားပြီး စုစုပေါင်းအနေဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၃၀၀ ကျော် ရင်းနှီးမြှုပ်နှံထားပါကြောင်း။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံများအတွက် လျှပ်စစ်စွမ်းအင်တည်ငြိမ်စွာရရှိရေးနှင့် One-Stop Service အပါအဝင် လုပ်ငန်းလည်ပတ်မှုများကို ပိုမိုချောမွေ့လွယ်ကူစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ပြည်တွင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME) များနှင့် ချိတ်ဆက်ပြီး ကုန်ကြမ်းကွင်းဆက်ခိုင်မာစေရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်လျက်ရှိနေကြောင်း၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ကြမ်းများကိုအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်လုပ်ငန်းများအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုမည့် အဆင့်မြင့်နည်းပညာကဏ္ဍများတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံပေးကြရန် ဖိတ်ခေါ်လိုကြောင်း။

ဂျပန်နိုင်ငံသည် ယနေ့အချိန်ထိ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် တည်ဆောက်ရာတွင် MSME နှင့် SME လုပ်ငန်းများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ကို သိရကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍတွင် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံကြမည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ကြိုဆိုကြောင်းကို ထပ်မံပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအချက်အလက်များအရ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံတွင်(၉)နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၆၉ ဒသမ ၀၅၆ သန်း တန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၂၇ ခု လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီပေါင်း ၃၀၀ ခန့် လုပ်ငန်းများ လည်ပတ်လျက်ရှိပြီး ဂျပန်နိုင်ငံသား ၁၅၀၀ ကျော်လာရောက်နေထိုင်လျက်ရှိသည့်အတွက် နှစ်ဖက်လုပ်ငန်းရှင်များအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေးအဆင်ပြေချောမွေ့လျက်ရှိပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

### အချက်အချာကျသည့်နေရာတွင်ရှိနေ

မိမိတို့မြန်မာနိုင်ငံသည် သဘာဝတည်နေရာအရ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံများဖြစ်ကြသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့်လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ကြီးမားသည့် ဈေးကွက်နှင့် လျင်မြန်စွာ တိုးတက်နေသည့် အာဆီယံဒေသတွင်း အချက်အချာကျသည့်နေရာတွင် ရှိနေကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံသည် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေခံမြေခံကောင်းများ ပိုင်ဆိုင်ထားရှိပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ကြွယ်ဝပေါများသည့် ရေအရင်းအမြစ်နှင့် အလားအလာကောင်းသည့် မြေလွတ်မြေရိုင်းများစွာ ရှိနေကြောင်း၊ မတူညီသည့် ရေမြေတောတောင် ဥတုရာသီများရှိပြီး နှစ်ရှည်ပင်များသာမက ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကဲ့သို့သော ရာသီသီးနှံများပါ အလွယ်တကူစိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် သမားရိုးကျစိုက်ပျိုးသည့်စနစ်မှ ထုတ်လုပ်မှုအားကောင်းပြီး ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ခေတ်မီစိုက်ပျိုးရေးအခြေခံစီးပွားရေးစနစ်သို့ ကူးပြောင်းနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံ၏လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိကြောင်း၊ ကုန်ကြမ်းခိုင်မာစွာရှိထားသည့် ရော်ဘာကိုအခြေခံသည့် အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံတာယာနှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း။

### လက်ကမ်းကြိုဆိုလျက်ရှိ

မိမိတို့အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့စေရေး ပြုပြင်ပြောင်းလဲရန်နှင့် သင့်တော်သည့် မူဝါဒဆိုင်ရာ ကူညီပံ့ပိုးမှုများပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယုံကြည်စိတ်ချစွာ ပါဝင်ရင်းနှီးမြှုပ်နှံကြရန်လည်း လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုပါကြောင်း၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံတော်အနေဖြင့် အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်ရှိကြောင်းနှင့် လိုအပ်သည့် ပံ့ပိုးကူညီမှုများကိုလည်း အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၄ သို့



ကျောင်းသား ကျောင်းသူလေးများက ဂျပန်သီချင်း Sakura "ချယ်ရီပန်း" အကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတွင် အဓိကလိုအပ်သည့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်လည်း ဖိတ်ခေါ်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများအပြီး ထွက်ပေါ်လာသည့် အစိုးရသစ်အနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရေးအတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဥပမာအားဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်(EV)များ တိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အကောက်အခွန်နှုန်းထားများကိုလည်း လျှော့ချပေးလျက်ရှိကြောင်း၊ အထူးသဖြင့် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ပြီး လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာ မြန်မာဒီဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း ရာသီဥတုကောင်းသည့် တောင်ပေါ်ဒေသတွင် မြေဧရိယာ ဧက ၁၀၀၀၀ ခန့် ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိတ်ပါဝင်စားသည့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း။

ယခုဖိုရမ်သည် မိမိတို့ နှစ်နိုင်ငံအကြား ရှိရင်းစွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက် အထောက်အကူပြုမည့် အခြေခံကောင်းတစ်ရပ် ဖြစ်လာမည်ဟုယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် လူငယ်အင်အား၊ လုပ်သားအင်အား စသည့်အားသာချက်များကို ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ အဆင့်မြင့်နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံ၊ နည်းပညာ စသည်တို့နှင့် ပေါင်းစပ်လိုက်မည်ဆိုပါက နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေမည့်(Win-Win) စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

"မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်"ကို တက်ရောက်လာသည့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းပြီး စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို တက်ရောက်လာကြသည့် မိတ်ဆွေများမှတစ်ဆင့် ဂျပန်ပြည်သူများကို သတင်းစကား ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း။

ယနေ့ကျင်းပသည့်ဖိုရမ်မှတစ်ဆင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်မှုများ ပိုမိုအားကောင်းပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများနှင့်ရလဒ်ကောင်းများ ပိုမိုခိုင်မြဲစွာ တိုးတက်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ INGO Peace ဥက္ကဋ္ဌက မြန်မာ-ဂျပန် စီးပွားရေးဖိုရမ် ကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယခုကဲ့သို့ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်မှုအပေါ် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခုဖိုရမ်ဖြစ်မြောက်အောင် အင်တိုက်အားတိုက်ကြိုးပမ်း အားထုတ်ခဲ့ကြသော မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်းအဖွဲ့ဝင်များအား အထူးပင် ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ ဂျပန်နိုင်ငံသားတစ်ဦးအနေဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အောက်တွင် နှစ်နိုင်ငံ၏ အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးအတူတကွ ဆွေးနွေးနိုင်မည့် အခွင့်အလမ်းကို ဖန်တီးပေးနိုင်သည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအတူတကွလက်တွဲကာ မျှော်လင့်ချက်နှင့် သာယာဝပြောမှုများ ပြည့်ဝသည့် အနာဂတ်သစ်တစ်ခုကို အတူတကွတည်ဆောက်သွားနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ ယနေ့ကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်သည့် ခြေလှမ်းသစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ ဂျပန်နိုင်ငံ INGO Peace ဥက္ကဋ္ဌက မြန်မာ - ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား နေရာအရောက်ဂါရဝပြုပေးအပ်သည်။ ယင်းနောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မှ ကျောင်းသားကျောင်းသူလေးများက ဂျပန်သီချင်း Sakura "ချယ်ရီပန်း" အကဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ - ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ဂျပန်နိုင်ငံ INGO Peace ဥက္ကဋ္ဌ Mr. Nakazawa Hiroyuki က ရှင်းလင်းတင်ပြစဉ်။

PPIB News

❏ *ကျောဖုံးမှ*

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပြီး စိုက်ပျိုးမွေးမြူသူများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိအောင် ကာကွယ်ပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းနှင့် အရင်းအနှီးရရှိရေး ပံ့ပိုးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သွင်းအားစုများဖြစ်သော အရည်အသွေးကောင်းမျိုးစေ့၊ မျိုး၊ ပျိုးပင်၊ သားပေါက်များ အသုံးပြုနိုင်စေရန်၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ရေအရင်းအမြစ်၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ဆေးဝါး စသည်တို့နှင့် လိုအပ်သော နည်းပညာများကို တောင်သူလယ်သမားများ လက်လှမ်းမီရရှိနိုင်စေရေးနှင့် အရင်းအနှီးများစွာမတတ်နိုင်သည့် လုပ်ကွက်ငယ်တောင်သူများအတွက် သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေရရှိရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တောင်သူတိုင်းက ဈေးကွက်ကို လက်လှမ်းမီစေရန် ပြည်တွင်း၊ ပြည်ပဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်ဗဟုသုတများ၊ ခေတ်မီသတင်းအချက်အလက်နည်းပညာများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဈေးကွက်ကို လက်လှမ်းမမီနိုင်သည့် လုပ်ကွက်ငယ်တောင်သူများအတွက် တောင်သူအစုအဖွဲ့များနှင့် စုပေါင်းရောင်းချ၊ ဝယ်ယူ၊ လုပ်ကိုင်တတ်စေရေး ကူညီပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်ကာလနှင့် လိုက်လျောညီထွေရှိသည့် ပမာဏအတိုင်း တိုးမြှင့်ထုတ်ချေးပေးလျက်ရှိသည့်အပြင် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေတစ်ရပ် ထူထောင်ပြီး စပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော ဓာတ်မြေဩဇာကို သီးနှံပေါ်ချိန်တွင် ခုနှိမ်ပေးဆပ်စေသောစနစ်ဖြင့် တောင်သူများအား ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်သူ လယ်သမားများအနေဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်မှု နည်းပညာအသစ်များ၌ အလွယ်တကူရင်းနှီးမြှုပ်နှံလုပ်ကိုင်လာနိုင်စေရန် ခိုင်မာစိတ်ချရသော ကျေးလက်ချေးငွေနှင့် ငွေရေး ကြေးရေးစနစ်များ ဖွံ့ဖြိုးအားကောင်းလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဒေသတွင်းနိုင်ငံ အဖွဲ့အစည်းများဖြစ်ကြသည့် အာဆီယံ (ASEAN)၊ ဘင်းမ်စတက် (BIMSTEC) နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ (GMS) က လွှင့်တင်ထားသည့် ဈေးကွက်နှင့်ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ အခါအားလျော်စွာ ထုတ်ပြန်သော ကုန်သွယ်မှုမူဝါဒများကို သက်ဆိုင်ရာ အဖွဲ့ဝင်များအနေဖြင့် ကြိုတင်သိရှိနိုင်အောင် လေ့လာပြီး မိမိတို့တောင်သူလယ်သမားများ ထုတ်ကုန်ထွက်ရှိချိန်ရောက်မှ ကြီးမားသည့် ဈေးကွက် အပြောင်းအလဲများကြောင့် ဆုံးရှုံးနစ်နာမှုမဖြစ်ရအောင် သတိပေးဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများတွင် မြေသယံဇာတ၊ ရေသယံဇာတများ ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ ယင်းတို့ကို အကျိုးအရှိဆုံး အသုံးပြုပြီး ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲလာသော စားရေရိက္ခာစနစ်များနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးမွေးမြူထုတ်လုပ်မှုစနစ်များကို လိုက်ပါ ပြောင်းလဲဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စားရေရိက္ခာဖူလုံခြင်းသာမက အာဟာရမျှတပြည့်စုံခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကုန်ထုတ်လုပ်မှု တိုးတက်ရုံသာမက ရေရှည်ဖွံ့ဖြိုး တိုးတက်စေခြင်းတို့အတွက် လိုအပ်သောမူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ထုတ်ပြန်ထားပြီးသည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ငန်းတာဝန်များကိုလည်း အလေးထားလိုက်နာ၍ တိုးတက်မှုရှိအောင် ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်အဖွဲ့အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့များနှင့် လုပ်ငန်းတာဝန်များ ဖွဲ့စည်းသတ်မှတ်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဦးဆောင်အဖွဲ့အဖွဲ့ဝင်များက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးအကြံပြုတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းရုံ(မလွကုန်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ရန်ကုန်မြို့၌ မြေအောက်ရထားလမ်း တည်ဆောက်နိုင်ရေးနှင့် အနာဂတ်တွင် လျှပ်စစ်ဓာတ်အားရထားတွဲများ ပြေးဆွဲနိုင်ရေး လျာထားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်၌လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းရုံ(မလွကုန်း) သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။**

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် နိုင်ငံတော်သမ္မတအား ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဇယ်စက်ခေါင်းရုံ(မလွကုန်း)၏ နောက်ခံသမိုင်းအကျဉ်း၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်ပြီးစီးမှု၊ မီးရထားလမ်းများ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ကုန်တွဲများ တည်ဆောက်လျက်ရှိမှု၊ နိုင်ငံတကာအဆင့်မီ မီးရထားပို့ဆောင်မှုစနစ်ဖြစ်စေရေး မီးရထားဝန်ထမ်းများ အရည်အသွေးပြည့်ဝစေရန် ပြည်ပနိုင်ငံများသို့ ဘာသာရပ်များအလိုက် လေ့လာရေးခရီးများ စေလွှတ်ပေးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားအသုံးပြု မီးရထားစက်ခေါင်းများ ထုတ်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ BEL စက်ခေါင်းများ ထုတ်လုပ်၍ ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ကုန်ရထား သုံးစီး၊ ရန်ကုန်မြို့ပတ်လမ်းတွင် လူစီးရထား သုံးစီး ပြေးဆွဲဆောင်ရွက်လျက်ရှိမှု၊ RBE မှ BEMU ပြောင်းလဲခြင်းများ ဆောင်ရွက်၍ ပဲခူး-တောင်ငူနှင့် တောင်ငူ-နေပြည်တော် လမ်းပိုင်းတို့တွင် ပြေးဆွဲလျက်ရှိမှု၊ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် လျှပ်စစ်ရထား ပြေးဆွဲနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ရရှိနိုင်ရေးနှင့် အချက်ပြလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ခရီးသည်များ လိုက်ပါစီးနင်းမှုအပေါ် မူတည်၍ လမ်းပိုင်းများအလိုက် ရထားခရီးစဉ်များ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ မီးရထားစက်ခေါင်းများ တွဲများ ကြံ့ခိုင်မှုရှိစေရေး၊ စက်ရုံများ၊ ယာဒ်ဝင်းများအလိုက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိမှု၊ လက်ရှိတာဝန်ယူ ပြေးဆွဲလျက်ရှိသည့် ရထားများ၏ အခြေအနေ၊ ဒီဇယ်စက်ခေါင်းများ၊ DEMU စက်ခေါင်းများ ပြေးဆွဲမှု၊ ရပ်နားမှုနှင့် မွမ်းမံပြုပြင်မှု အခြေအနေ၊ ချွတ်ယွင်းချက်များအပေါ် စိစစ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်တွင်း၌ အရည်အသွေး ပိုမိုကောင်းမွန်သည့် မီးရထားစက်ခေါင်းများအား ထုတ်လုပ်အသုံးပြုနိုင်ရေး အမြဲသုတေသနပြု ဆောင်ရွက်နေရန် လိုကြောင်း၊ စက်ပစ္စည်းများကို ထုတ်လုပ်ရာတွင် လက်ရာသေသပ်ကောင်းမွန်ပြီး ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားဝန်ထမ်းများ အဆင့်မီမီနေထိုင်နိုင်ရေး ဝန်ထမ်းလိုင်းခန်းများအား စနစ်တကျ ဆောက်လုပ် ပေးသွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်ထားသည့် ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေနွေးငွေ့ စက်ခေါင်းများအား မူလပုံစံမပျက် ပြန်လည်ပြင်ဆင်ထိန်းသိမ်း၍ ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ရထားလမ်းများကြံ့ခိုင်ကောင်းမွန်စေရေးအတွက် လမ်းခင်းကျောက်များ ပြည့်မီအောင် ထည့်သွင်းဆောင်ရွက်ရန်နှင့် ဇလီဖားတုံးများကိုလည်း စနစ်တကျထည့်သွင်း ဆောင်ရွက်သွားရန် လိုကြောင်း၊ ရထားပြေးဆွဲနိုင်ခြင်း မရှိသေးသည့် ရထားလမ်းများကိုလည်း ရထားများ ပြန်လည်ပြေးဆွဲမည်ဆိုပါက အဆင်သင့်ဖြစ်နေစေရေး ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားစက်ခေါင်းများအား သတ်မှတ်ထားသည့် မောင်းနှင်ချိန်များအလိုက် စစ်ဆေးပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးသည် လူအများအပြား အသုံးပြုကြသည်ဖြစ်သဖြင့် ထွက်ခွာချိန်၊ ဆိုက်ရောက်ချိန်များ တိကျမှန်ကန်မှုရှိစေရေး စနစ်တကျ ဆောင်ရွက် သွားကြရန်လိုကြောင်း၊ လူစီးရထားတွဲများအား အမြဲသန့်ရှင်းသပ်ရပ်မှု ရှိနေစေရေးနှင့် ခရီးသည်များ စည်းကမ်းရှိရှိစီးနင်းလိုက်ပါနိုင်ရေး၊ အဆင့်မီမီ သက်သောင့်သက်သာစီးနင်း အသုံးပြုနိုင်ရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရထားပို့ဆောင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးမှာကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် လက်ရှိအခြေအနေအရ လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိနေသဖြင့် ရထားပို့ဆောင်ရေးအား အချို့ လမ်းကြောင်းများတွင် ဘက်ထရီစနစ်သုံး ရထားခေါင်းတွဲများကို ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်ကာ အသုံးပြုနိုင်ရေး အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ အသွားအလာများပြားသည့် ရထားလမ်းကူးနေရာများ၌ ရထားလမ်း ခုံးကျော်တံတားများ မဖြစ်မနေ တည်ဆောက်သွားရန်နှင့် ရန်ကုန်မြို့တွင် မြေအောက်ရထားလမ်း ထည့်သွင်းတည်ဆောက်သွားနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရန် လိုကြောင်း၊ ရထားလမ်းများ ဖောက်လုပ်ခြင်း၊ ရထားတွဲများ တည်ဆောက်ခြင်းနှင့် ရထားပို့ဆောင်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ဆောင်ရွက်ရာတွင် နောင်ဖြစ်လာမည့်နည်းပညာပိုင်းအရ လိုအပ်ချက်များကို ကြိုတင်စဉ်းစား လျာထားတွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်အနာဂတ်ကာလတွင် လျှပ်စစ်ဓာတ်အားအသုံးပြု၍ ရထားတွဲများ ပြေးဆွဲနိုင်ရေးအတွက်လည်း ကြိုတင်လျာထား ဆောင်ရွက်သွားရန်လိုကြောင်း၊ DEMU ရထားတွဲများကိုလည်း ပြည်တွင်း၌ မိမိတို့ကိုယ်ပိုင်ဒီဇိုင်းဖြင့် တိုးချဲ့တပ်ဆင်ထုတ်လုပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပမှရထားတွဲ တည်ဆောက်မှု နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိတို့နိုင်ငံ၏ ရထားတွဲတည်ဆောက်မှုများ ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ မီးရထား လမ်းကူးတံတားများ ကောင်းမွန်စေရေးအတွက်လည်း ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဒီဇယ်စက်ခေါင်းရုံ(မလွကုန်း)အတွင်း ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိသည့် DEMU ရထားတွဲဆိုင်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒီဇယ်စက်ခေါင်းရုံ(မလွကုန်း)၌ DEMU ရထားတွဲဆိုင်းများအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒီဇယ်စက်ခေါင်းရုံ(မလွကုန်း)၌ DEMU ရထားတွဲဆိုင်းများအား ကြည့်ရှုစစ်ဆေးစဉ်။

PPIB News

## မော်ကွန်းမှတ်တမ်းများသည် နိုင်ငံအတွက် အဖိုးထိုက်တန်၍ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းမှတ်တမ်း အထောက်အထားများဖြစ်

**ရန်ကုန် ဇူလိုင် ၂၈**

မော်ကွန်းမှတ်တမ်းများသည် နိုင်ငံအတွက် အဖိုးထိုက်တန်၍ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းမှတ်တမ်း အထောက်အထားများဖြစ်သဖြင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားရှိရန် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက ယနေ့နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ) ၌ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ရုံးခွဲရှိ မော်ကွန်းပြခန်း၌ ပြသထားသည့်ပြကွက်များ၊ မော်ကွန်းသိမ်းဆည်းခန်း၊ ရည်ညွှန်းစာဖတ်ခန်း၊ Digitization ဆောင်ရွက်သည့် အခန်း၊ မှတ်တမ်းမော်ကွန်းသိမ်းဆည်းခန်းများ၊ မိုက်ခရိုဖလင်ရိုက်ကူးရေးခန်းနှင့် Non-Paper သိမ်းဆည်းခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



○ *ရွှေဖုံးမှ*

ရေတံခါးရွက်များ အတင်အချကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ ဒိုက်၊ ဗေဒါနှင့် ချုံနွယ်ပင်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထိုကဲ့သို့ ဆောင်ရွက်ပေးထားသဖြင့် လက်ရှိအယ်လ်နီညိုဖြစ်စဉ်များအတွင်း ယခင်နှစ် မိုးရေချိန်ထက် ခြောက်လက်မကျော် ပိုမိုရွာသွန်းထားပြီး ဖြစ်သော်လည်း မိုးစပါးများ ရေကြီးနစ်မြုပ်ခြင်းမရှိကြောင်း သိရသည်။ ၂၁၆

# နှလုံးသွင်းမှန်၍ အလယ်အလတ်အမှန်လမ်းမှသည် ငြိမ်းချမ်းရေးသို့

ဒေါက်တာမြတ်မိုး

ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ၊ ဝါတွင်း သုံးလအစပြုသည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် နေဝင်လထွက်အခါသမယတစ်ခုမှာ ဗုဒ္ဓမြတ်စွာ ဘုရားသည် တရားဦး တရားမြတ်ကို ဟောကြားတော်မူခဲ့သည်။

ဟောကြားခဲ့သည့်တရားကား သတ္တဝါအားလုံး အမွန်အမြတ်အားထားရာ ဓမ္မစကြာဒေသနာတော်ကြီးပင်။ ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာတွင် အလွန်ထူးခြားသော "ဓမ္မစကြာနေ့" ဖြစ်ပြီး မြတ်စွာဘုရားရှင်၏ ဘဝဖြစ်စဉ်တွင် အရေးပါသော အဖြစ်အပျက် ၄ မျိုး တိုက်ဆိုင်သည့်နေ့လည်း ဖြစ်ပါသည်။

၁။ **ပဋိသန္ဓေယူသောနေ့** - အလောင်းတော် သိဒ္ဓတ္ထမင်းသား မယ်တော်မာယာ၏ဝမ်း၌ ပဋိသန္ဓေယူသောနေ့။ ၂။ **တောထွက်တော်မူသောနေ့** -သိဒ္ဓတ္ထမင်းသား ဂေါတမဘုရား အလောင်းတော်တောထွက်တော်မူသောနေ့။ ၃။ **ဓမ္မစကြာဟောသောနေ့** - မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပထမဆုံးတရားဦး ဓမ္မစကြာကို စတင်ဟောကြားတော်မူသောနေ့။ ၄။ **တန်ခိုးပြတော်မူသောနေ့** - သာဝတ္ထိပြည်တွင် တိတ္ထိတို့ကို နှိမ်နင်းရန် ယမကပါဋိဟာရိယ (ရေမီးအစုံ) တန်ခိုးပြတော်မူသောနေ့။

ဟောကြားသော တရားထူးကို ဦးဦးဖျားဖျား နာကြားရ၍ ပဉ္စဝဂ္ဂီငါးပါးလုံး တစ်ပါးပြီး တစ်ပါး အရိယာ သောတာပန်များဖြစ်ပြီး ဧဟိဘိက္ခုရဟန်းများ ဖြစ်သွားကြသည်။ ဤထူးမြတ်သောနေ့ အကျော် ၅ ရက်မြောက်နေ့မှာ အနတ္တလက္ခဏာသုတ်ကို နာကြားပြီးသောအခါ အနုသယကိလေသာ အားလုံးကင်းစင်ရာ ရဟန္တာများ ဖြစ်သွားကြသည်ဟု မှတ်သားမိပါသည်။

ဗုဒ္ဓဘာသာဝင် စစ်စစ်မှန်သမျှ ပုထုဇဉ်ဘဝကို စွန့်၊ အရိယာဘဝလှမ်းချင်ကြသည်သာ။ ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုချင်ကြသည်သာ။ ထိုတရားကား ပညာဗုဒ္ဓဘာသာဝင်တို့ အမက်မောဆုံးသော ဆုလာဘ်ပင်ဖြစ်သည်။ လူပြန်ဖြစ်လျှင်ပင် ဆင်းရဲချမ်းသာ နှိပ်စက်မှုတွေ ကြုံရဦးမည်။ လောဘ၊ ဒေါသ၊ မောဟတွေ ကျူးလွန်ကြဦးမည်။ ကုသိုလ်ထက် အကုသိုလ်ကို ပိုယူမိကြဦးမည်။ အကုသိုလ်အနည်း အများအလိုက် ငရဲ၊ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန်ဘုံဘဝ အပါယ်ဘဝများမှ မလွတ်ဖို့က များလှသည်။

လူ့ဘဝထက်ကောင်းသော နတ်ဗြဟ္မာဖြစ်လျှင်လည်း အို၊ နာ၊ သေဘေး မလွတ် သေးပြန်။ ထို့ကြောင့် မမြဲသောတရား၊ ဒုက္ခဆင်းရဲချည်းတရား၊ ဘာမှ အစိုးမရ၊ ကိုယ့်အလို ဘယ်တုန်းကမှမလိုက်ဟူသည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဆင်ခြင်နိုင်စွမ်း ပညာဆိုသော ထိုတရား၊ အားလုံးသည် ဒုက္ခတွေပဲဟု မြင်ရန် ဗုဒ္ဓက ဟောကြားခဲ့ခြင်းဖြစ်သည်။

ထိုထိုဒုက္ခများ၏အကြောင်းတရားကားလောဘ တဏှာဖြစ်သည်။ ထိုဒုက္ခများ ပြတ်စဲရာသည် နိရောဓ၊ အမြင့်ဆုံးနိဗ္ဗာန် ပန်းတိုင်ရောက်ရန် အကျင့်ကောင်းကား မဂ္ဂင်ရှစ်ပါးတရားသာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလည်းသိ၊ သစ္စာလေးပါးလည်းသိသည့်၊ အကြောင်းအကျိုးလည်းသိသည့် ဗုဒ္ဓဘာသာဝင်တစ်ယောက်ကို ပညာဗုဒ္ဓဘာသာဝင်အဖြစ် ဆိုကြသည်။

ထို့ကြောင့်လည်း မိရိုးဖလာဗုဒ္ဓဘာသာဝင် တစ်ယောက်အဖြစ်နှင့်သာ မပြီးဘဲ ပညာဗုဒ္ဓဘာသာဝင်ဖြစ်အောင် ကြိုးစားနေကြခြင်းဖြစ်သည်။ ထပ်တလဲလဲ ပဋိသန္ဓေနေရသည့်ဘဝ၊ အဖန်ဖန် အိုရ၊ နာရ၊ သေရသည့်ဘဝတွေကို ပညာ ဗုဒ္ဓဘာသာဝင် ဖြစ်ရန် ကြိုးစားနေသူမှန်သမျှ ငြီးငွေ့ကြသည်သာ။ အပါယ်ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ဖြစ်ရမှာ ကြောက်ရွံ့ကြသည်။ ဒီလိုကြောက်စရာဘဝတွေကို ဘာလို့ကြုံချင်ကြပါဦးမည်လဲ။

မကြုံလို၊ မယူကြစေရန် မြတ်ဘုရားက တိုက်တွန်းသည်။ တတ်နိုင်သမျှ အချိန်ပေးသမျှ၊ အခြေအနေပေးသမျှ ကြိုးစားစေလိုသည်။ ထို့ကြောင့် လိုချင်သည့်ပန်းတိုင် ရောက်ရန် ပါရမီအနုအရင့် အလိုက် များစွာလျှောက်လှမ်းရပါမည်။ လတ်တလော အစပြုကြိုးစားကြည့်က အချည်းနှီး လုံးဝမဖြစ်ဟု ယုံကြည်သည်။ သို့ဖြစ်၍ကား ဘယ်လို ဘယ်ပုံ ကြိုးစားကြမည်လဲ၊ အကုသိုလ်နေရာမှာ ကုသိုလ်ကို အစားထိုးရန်မှလွဲ၍ များများစားစားမရှိပါ။ အဓိက အလုပ်က ဒါန၊ သီလ၊ ဘာဝနာသာလျှင် ဖြစ်ပါသည်။

မိမိအကျိုးထက် သူတစ်ပါးအကျိုး အလေးထား၊ မေတ္တာထားကြရအောင်ပါ။ ကိုယ့်လောက်မရှိ၊ ကိုယ့်ထက် နိမ့်ပါးသူကို ကရုဏာထား၊ များများစွန့်၊ ပေးကမ်းကြည့်၊ မျှဝေကြည့်ကြပါစို့။ ကိုယ့်ထက် မြင့်သူကို မုဒိတာပွား၊ ထက်ထက်သန်သန် ပူဇော်ကြရပါမည်။ ယခုခေတ်ကြီးထဲ အစစအရာရာ နိမ့်ပါး

> “ ဘယ်သူမှ အို၊ နာ၊ သေဘေးက မလွတ်မှန်းသိလာသည့်အခါ ဘာမှမမြဲဆိုတာ သိတာလေးနှင့်ပင် လူ့ဘဝခဏတာလေးရနေသည်ကို အမှန်ထင်မနေသင့်တော့ပါ။ ဆင်းရဲတစ်လှည့်၊ ချမ်းသာတစ်ခါ၊ အရာရာဖြစ်ပြီးပျက်၊ မပြောင်းလဲသော အမှန်တရားဆိုတာလည်း မြင်နိုင်အောင် ကြိုးစားကြပါမည်။ ဤသည်ကို ကျေးဇူးရှင်မြတ်စွာဘုရားက သူသိသလို လူတိုင်းကို သိစေချင်၍ ဟောခဲ့ခြင်းဖြစ်ရာ ကျွန်တော်တို့အားလုံးက တတ်နိုင်သမျှအခြေအနေ ပေးသမျှ ကြိုးစားအားထုတ်ကြရုံသာ ”

ကြသည့်အခြေအနေမှာ ပို၍ပင် လှူဒါန်းသင့်ကြသည်။ ပြုသင့်သည့် ဒါနအရာတွေကား များလှပါသည်။ ဆောက်တည်ရမည့် သီလတွေလည်း တိုး၍ ဆောက်တည်သင့်ပါသည်။

ငါးပါးသီလလုံလျှင် သတ်မှုဖြတ်မှု လျော့နည်းသွားမည်၊ ခိုးမှုလုယက်မှု ယုတ်လျော့သွားမည်၊ လိမ်ညာကုန်းတိုက် သိမ်ဖျင်းစကားများ မပြောနိုင်ကြတော့ပြီ၊ သူတစ်ပါးသားမယား စော်ကားဖျက်ဆီးမှုများ မရှိတော့ပြီ၊ သောက်စားမူးယစ်ရမ်းကားမှုများ ထိန်းချုပ်နိုင်လာမည်။ သို့ဖြစ်လျှင် ဤလောကကြီးကား ငြိမ်းချမ်းမည်အမှန်။ ဆောင်ရန်၊ ရှောင်ရန် ထိုတရားများကို ဆောင်ကြရှောင်ကြလျှင် ကျွန်တော်တို့ကြုံနေရတဲ့ ယနေ့ခေတ် လောကကြီး ထိုက်သင့်သလောက် ငြိမ်းချမ်းလာမည် အမှန်ပါ။

ထို့အတူ ဒါန၊ သီလတို့ထက်ပင် လုပ်နိုင်ခဲ့သော ကုသိုလ်တရားတစ်ခု ကျန်ပါသေးသည်။ ဒါန၊ သီလ ကြောင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာများမှာ ကုသိုလ်ဖြစ်လာသည်။ အရေးကြီးဆုံးက စိတ်နောက် ကိုယ်ပါတရားပါ။ စိတ်သာရှင်စော ဘုရားဟောဆိုသလို ကျွန်တော်တို့ မိမိစိတ် မိမိကိုယ်တိုင် ထိန်းချုပ်နိုင်ရပါမည်။ စိတ်သည် တိုတောင်းလွန်းလှသည့်အတွက် စိတ်ကို ထိန်းနိုင်ဖို့ ကြိုးစားကြရမည်။ ကိုယ်မှုနှုတ်မှုက ထိန်းဖို့လွယ်သည်။ ဖြစ်တည်ပျက် စိတ္တခဏတစ်ချက်အတွင်းမှာ စိတ်ကိုမှုထိန်းဖို့က မလွယ်။ တစ်စက္ကန့်အတွင်း စိတ်အကြိမ်ရေ ကုဋေများစွာ စက္ကန့်မလပ် ပြေးနေသည့်စိတ်။ ထိုစိတ်များကြောင့်ပင် စိတ္တဇရုပ်များဖြစ်ပြီး စိတ်နောက်ကိုယ်ပါ ပါကုန်ကြခြင်းဖြစ်သည်ကို သတိပြုရပါမည်။

ကျွန်တော်တို့ကိုယ်တိုင် ဘဝအဆက်ဆက် မသိ၍၊ မသိဘဲ လုပ်ခဲ့ကြသည်တို့ များခဲ့ပါပြီ။ ဘာကို မသိခဲ့ပါသလဲ၊ အကုသိုလ်ကို အကုသိုလ်မှန်း မသိဘဲ လုပ်ခဲ့ကြသည်။ ကုသိုလ်ဖြစ်မည်မှန်း မသိ၍ လုပ်သင့် လုပ်ထိုက်သည်ကို မလုပ်ခဲ့ကြပါ။ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားမသိခဲ့ကြပေ။ အကြောင်းတရားများ စုစည်းညီညွတ်၍သာ အကျိုးတရားတို့ ဖြစ်ပေါ်ရသည်ကို အသေအချာသိကြလျှင် အကြောင်းကောင်းအောင်လုပ်နိုင်ကြမည် ထင်သည်။

ကံ ကံ၏အကျိုးကို ကောင်းစွာမသိ၍သာ မကောင်းသည်ကို ကောင်းသည်ထင်၊ ကောင်းသည်ကို မကောင်းထင် ပြုမှားခဲ့ခြင်းဖြစ်သည်။ အမှန်ကို အမှန်အတိုင်းမသိ၊ အမှားကို အမှန်ထင်၍ ထင်တိုင်းကြဲခဲ့ကြခြင်းဖြစ်သည်။ အမှားကို စွန့်ပြီး အမှန်လမ်းအတိုင်း လျှောက်လှမ်းကြလျှင် ကောင်းရာ ရမည်။ ကောင်းရာဘုံဘဝတွေ ရောက်ရလိမ့်မည်။ ထိုတရားကို မသိမှုသည် မောဟဖြစ်သည်။ မောဟ မသိမှု အမှောင်ဖုံး၍ အမှန်ကို အမှန်မမြင်၊ အကြောင်းရှိ၍ အကျိုးဖြစ်သည် မသိ၊ ကံ ကံ၏ အကြောင်းများ မသိ၊ လောဘတက် ဒေါသဖြစ်၊ အကုသိုလ်တွေ များခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံး အကုသိုလ်ကို အကုသိုလ်မှန်းသိ၊ ကုသိုလ်ကို ကုသိုလ်မှန်းသိ၊ အကြောင်းအကျိုး အကောင်းအဆိုးသိ၍ အမှန်အတိုင်းသိသည့် အမောဟဖြင့် ရှိနေသော လောဘ၊ ဒေါသများကို နည်းနိုင်သမျှနည်းပြီး အလွန်းအမင်းမများမိအောင် ကြိုးစားကြည့်ကြပါစို့လား။

ကြိုးစားချိန်လည်း တန်သလို အားထုတ်ရမည့် အခွင့်အခါလည်းသင့်ပါပြီ။ မကြာမီ ဝါတွင်းကာလ ရောက်တော့မည်။ ဗုဒ္ဓဘာသာဝင်ဆိုသည်ကား ဤအခါသမယကိုပင် ကုသိုလ်တရားတိုးပွားရာ အထူးကာလတစ်ခုအဖြစ် အခွင့်ယူ၊ ဝါယမစိုက်ကြရသည်။ ဖော်ပြခဲ့သလို ဘုရားလောင်း ပဋိသန္ဓေယူ၊ တောထွက် ရဟန်းဘဝခံယူ၊ တရားဦးကိုဟောကြား၊ ပဉ္စဝဂ္ဂီ ငါးပါးတို့ကား သောတာပန်တွေဖြစ်၊ ရဟန်းဘဝရောက်ကြရသည့် နေ့ထူးနေ့မြတ်တစ်ခုဖြစ်၍ သံဝေဂဖြင့် အကုသိုလ်နေရာမှာ ကုသိုလ်ဖြင့် အစားထိုးဖို့ အခါကာလကောင်းတစ်ခု ဖြစ်နေသည်ကို မမေ့ရန်ဖြစ်ပါသည်။ ထူးခြားလေးနက်မှုတို့ ပြည့်နေသည့် ဤနေ့ကာလတွင်ပင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဖြစ်တည်၍ သာသနာတော်ကြီး စတင်ပွင့်ထွန်းခဲ့သည်ဟုလည်း ဆိုထားသည် မဟုတ်ပါလား။

ဦးဆုံး ယခုလိုကာလမျိုးမှာ ဘုရားရှင်ဟောကြားခဲ့သည့် တရားထူးကို နာယူနိုင်အောင် ကြိုးစားကြပါမည်။ နာယူပြီး သိအောင်လည်း ကြိုးစားပါမည်။ သိရုံမက လိုက်နာနိုင်အောင်အားထုတ်ပြီး လက်တွေ့မှာ အကျိုးရှိအောင် အသုံးချပါမည်။ ထိုတရားမြတ်တွင် အို၊ နာ၊ သေ ဝဋ်ဒုက္ခများ ချုပ်ငြိမ်းစေမည့် ဒုက္ခ၊ သမုဒယ၊ မဂ္ဂ၊ နိယောဓဟူသည့် အရိယာသစ္စာလေးပါးတရားကို ဖော်ပြထားသည်။

ဘယ်သူမှ အို၊ နာ၊ သေဘေးက မလွတ်မှန်း သိလာသည့်အခါ ဘာမှမမြဲဆိုတာ သိတာလေးနှင့်ပင် လူ့ဘဝခဏတာလေးရနေသည်ကို အမှန်ထင် မနေသင့်တော့ပါ။ ဆင်းရဲတစ်လှည့်၊ ချမ်းသာတစ်ခါ၊ အရာရာဖြစ်ပြီးပျက်၊ မပြောင်းလဲသော အမှန်တရားဆိုတာလည်း မြင်နိုင်အောင် ကြိုးစားကြပါမည်။ ဤသည်ကို ကျေးဇူးရှင်မြတ်စွာဘုရားက သူသိသလို လူတိုင်းကို သိစေချင်၍ ဟောခဲ့ခြင်းဖြစ်ရာ ကျွန်တော်တို့အားလုံးက တတ်နိုင်သမျှ အခြေအနေ ပေးသမျှ ကြိုးစားအားထုတ်ကြရုံသာ။

ဤတရားမြတ်ဒေသနာတွင် ဘုရားရှင် ဟောကြားထားသည်မှာ ဘဝဆိုလျှင် ဘယ်ဘဝမှ မကောင်း။ ဘဝမှန်သမျှ ဒုက္ခချည်းသာဖြစ်သည်။ ဘဝနှင့်ဒုက္ခ တစ်ထပ်တည်းဖြစ်၍ ဒုက္ခ၏အကြောင်းတရားကိုလည်း အသေအချာ ဖော်ထုတ်ထားသည်။ ဘဝသည် ဒုက္ခ၊ ဒုက္ခသည်ဆင်းရဲခြင်းဟူ၍ ပြောသော်လည်း ကျွန်တော်တို့ ကိုယ်တိုင်ပင် ထိုဘဝကိုထပ်၍ လိုချင်နေကြသည်။ ဘာကြောင့်ပါလဲ။ ယခုလက်ရှိ လူ့ဘဝကို မြဲမည်ထင်နေသည်၊ နောင်လည်း လူ့ဘဝထပ်ရမည်ထင်နေ၍ ဖြစ်သည်။ ယခုထက် ပိုကောင်းမည့် လူချမ်းသာ၊ နတ်ချမ်းသာဘဝရအောင်လည်း ကြိုးစားပြသည်၊ အားထုတ်ကြပြန်သည်။

အမှန်လမ်းပေါ်မှာ ကောင်းသောနည်းဖြင့် ကြိုးစားအားထုတ်လျှင် အမှန်သို့ ရောက်မည်မလွဲပါ။ ထို့ကြောင့် ယခုလို အခါကြီးရက်ကြီးမှာ ရတနာသုံးပါးဦးထိပ်ထားကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တသိ၍ အလှူဒါနပြု၊ ဥပုသ်သီလဆောက်တည်၍ မပြတ် ကြိုးစားကြရအောင်ပါ။ ဒီထက်မက ပိုကြိုးစားနိုင်လျှင် ပိုကောင်းပါသည်။ သီလဖြင့် ကာယကံအမှု၊ ဝစီကံအမှုတွေကို ထိန်းချုပ်၍ မိမိစိတ်ကိုမှု မနောကံ အကုသိုလ်အမှုများ မပြုမှားမိအောင် သမထ၊ ဝိပဿနာဖြင့် ကြိုးစားကြည့်ရပါမည်။

အကြောင်းကား မိမိတို့စိတ်ထဲမှာ မကျေနပ်မှုများဖြင့် ရတာထက် ပိုလိုချင်တာတွေ၊ ဖြစ်သင့်တာထက် ပိုဖြစ်ချင်တာတွေ များနေကြ၍ဖြစ်သည်။ ကောင်းသော လိုချင်တာတွေ၊ ဖြစ်ချင်တာတွေကိုမှု မဆိုလို။ ဆိုလိုသည်က လောဘရမ္မက်ဟူသည့် အကုသိုလ်ဘက် များစွာမတိမ်းသွားဖို့ပါ။ အလွန်အမင်း လိုချင်ရချင်တာတွေ ဖြစ်ချင်တာတွေ များနေ၍ ပို၍ရုန်းကန်ရ၊ ရင်ဆိုင်နေကြရပြီး သောကတွေ များနေကြ၍ဖြစ်သည်။

လိုချင်တာမရတော့ အတိုက်အခိုက်တွေ များလာသည်။ ရပြီး၊ ပြည့်ပြီးပြန်တော့လည်း ရပြီးသားလေးနှင့် မတင်းတိမ်နိုင်၊ စိတ်မချ၊ ကပ်ဘေးမျိုးစုံ၊ သူခိုးမျိုးစုံ၊ ရန်သူမျိုးစုံ ကြောက်ရပြန်သည်။ လုံခြုံအောင် ထိန်းသိမ်းရသည့်ဒုက္ခဖြင့် တိုက်ကြခိုက်ကြ ပဋိပက္ခများသာ ပို၍ တိုးလာသည်။ မရတော့လည်း ဒုက္ခဆင်းရဲ၊ ရတော့လည်း ဒုက္ခဆင်းရဲ၊ ဒုက္ခဆိုသည့် ဤဆင်းရဲခြင်းအစဖြစ်သည့် လောဘတဏှာကကို မြင်ယောင် ကြည့်နိုင်ရုံနှင့်ပင် ဘာကို လျှော့ချရမည်လဲ သိလာနိုင်ပါပြီ။ ဤသည်ပင် မိမိစိတ်၏ ငြိမ်းချမ်းခြင်းက စသော လောကကြီး၏ ငြိမ်းချမ်းခြင်း အစပြုရာ ဖြစ်ပါပြီ။

မြတ်စွာဘုရား၏ တရားဦး ဓမ္မစကြာဒေသနာအရ သစ္စာလေးပါးအမှန်တရားကို ကျွန်ုပ်တို့ သိခဲ့ကြရသည်။ ဒုက္ခ၏ အကြောင်းတရားကို အမှန်မဂ်လမ်းဖြင့် လျှောက်လှမ်းရာမှာ အမှားကင်းရန်အတွက် အစွန်းနှစ်ပါးမှ ကင်းလွတ်ရန် လိုအပ်ကြောင်း ဘုရားရှင်က ထပ်မံညွှန်ကြားပြသပေးခဲ့သည်။ အို၊ နာ၊ သေ ဝဋ်ဒုက္ခမှ ကင်းလွတ်ရေး ကာမအစွန်းနှင့် မိမိကိုယ် မိမိ နှိပ်စက်ဆင်းရဲအောင်ပြုခြင်း အစွန်းနှစ်ပါးကို ရှောင်၍ အလယ်အလတ်လမ်းစဉ် မဇ္ဈိမပဋိပဒါလမ်းမှ ကျင့်ကြံအားထုတ်ရန်ကို ညွှန်ပြချက်သည် လောကုတ္တရာအတွက်သာမက ယခုလောကီနယ်ပယ်တွင်ပါ အလေးထား ကျင့်သုံးရန်ဖြစ်ကြောင်း သင်ခန်းစာယူမိသည်။

သို့ဆိုလျှင် အစွန်းလွတ်ပြီး အလယ်အလတ်မှာ ရှိနိုင်ရန် မည်သို့ခံယူသင့်မည်လဲ။ ဘာတွေးတွေး၊ ဘာလုပ်လုပ် အစွန်းများမှလွတ်ဖို့၊ အာရုံတွေအပေါ်မှာ နှလုံးသွင်းမှန်၍ မြင်မှု၊ ကြားမှု၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးတွေအပေါ်မှာ အလွန်အကျူး မခံစား၊ မချစ်မမုန်း ဥပေက္ခာညွှတ်၍ အလယ်အလတ်လမ်းအတိုင်းသွားလျှင် အမှားကင်းပါသည်။ လက်တွေ့နယ်ပယ်တွင်ပါ အကျိုးရှိသည်ကို တွေ့ရသည်။ သို့မှသာ မိမိတို့၏ အမြင်၊ အတွေး၊ အကြံအစည်၊ ပြောဆိုစကား၊ အပြုအမူ၊ အသက်မွေးမှု၊ ဝီရိယ၊ သတိ၊ သမာဓိများဖြစ်ပြီး ပညာအရာကို ရရှိပါမည်။

အချုပ်အားဖြင့် ထိုထိုတရားများကို ရသမျှအချိန်လေး၊ အထူးသဖြင့် ယခုလို ဝါတွင်းကာလလေးမှာ ပေးသမျှအခြေအနေလေးနှင့် တတ်နိုင်သမျှ ကြိုးစား၍ အားထုတ်ကြရအောင်ပါ၊ အဓိကအရေးကြီးသည်က တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုရရှိရန် ဖြစ်ပါသည်။ ငြိမ်းချမ်းမှုကို ရှာဖွေရာတွင် မိမိကစ၍ နှလုံးသွင်းမှန်နေမှ ပတ်ဝန်းကျင်ကလည်း လိုက်ပါငြိမ်းချမ်းနေမည်ဆိုသည့် ဓမ္မသဘောတရားသည် အဓိကအနှစ် ဖြစ်ပါသည်။ ။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၇ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၈၉ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas)အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ကိစ္စတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုစားဝတ်နေရေး၊ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးတို့အတွက် အထူးအလေးထား စဉ်းစားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး စသည့် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများအတွက် ရန်ပုံငွေများကို ထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရေးနှင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာ ဝင်ငွေတိုးတက်ရရှိရေးတို့ကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအများဆုံးအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ဧပြီ ၁ ရက်မှစတင်၍လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို မေ ၁ ရက်မှ စတင်၍လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုလျက်ရှိပါကြောင်း။

နိုင်ငံတော်က ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့်ပမာဏမှာ ငွေကျပ် ၈၄ ဘီလီယံခန့်ဖြစ်ပြီး ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခဲ့သည့် ပမာဏမှာ ငွေကျပ် ၅ ဘီလီယံခန့်ဖြစ်သဖြင့် စုစုပေါင်း ခွင့်ပြုခဲ့သည့် ပမာဏမှာ ငွေကျပ် ၈၉ ဘီလီယံခန့် ရှိခဲ့ပါကြောင်း။

ထိုကဲ့သို့ အခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့်အတွက် စိုက်ပျိုးရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍတို့အတွက် လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ရည်အတွက် ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ခဲ့ပြီး အခြေခံစားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုနှင့် လျော့ကျမှုရှိစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခအခြေအနေ၊ ကမ္ဘာ့လောင်စာဆီဈေးနှုန်းအတက်အကျအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည် ဈေးနှုန်းအခြေအနေ၊ အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းအခြေအနေ၊ နိုင်ငံတော်၏ ဘဏ္ဍာငွေလိုအပ်ချက်နှင့် အခွန်အကောက်ရငွေအခြေအနေတို့ကို လစဉ်စိစစ်သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်တွင် မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး လောင်စာဆီဈေးနှုန်း မတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ပြည်သူလူထု၏ နေ့စဉ်လူနေမှုဘဝများ အဆင်ပြေချောမွေ့ရေးနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်း ဆက်လက်ထိန်းညှိပေးနိုင်ရန်အတွက် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ဇူလိုင်နှင့်ဩဂုတ်လ နှစ်လ ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီ HSD (500 ppm)အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ဇူလိုင်လအတွက် တစ်လ ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၆)၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန်တင်ပြရခြင်း ဖြစ်ပါကြောင်း။

ယခင်က ဒီဇယ်ဆီအပေါ် အခွန်ကင်းလွတ်ခွင့်ပြုရန် ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းစဉ်က လွှတ်တော်ကိုယ်စားလှယ်များ ထောက်ပြဆွေးနွေးခဲ့သည့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ ကင်းလွတ်ခွင့်ပြုသင့်ကြောင်း ဆွေးနွေးချက်ကို အလေးထားသောအားဖြင့် ရုံးလုပ်ထုံးလုပ်နည်းများ ပြန်လည်စိစစ်၍ ဩဂုတ်လအတွက် အခွန်ကင်းလွတ်ခွင့်ပြုရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အများပြည်သူသို့ အသိပေးကြေညာချက်ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ နှစ်လထပ်မံ၍ ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဒေါက်တာဗညားအောင်မိုးက ဒီဇယ်ဆီနှင့် LNG တို့သည် အလွန်အရေးကြီးသော လူသုံးကုန်ပစ္စည်းများဖြစ်ပါကြောင်း၊ ဒီဇယ်ဆီသည် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက် အဓိကအသုံးပြုရသဖြင့် ဒီဇယ်ဈေးတက်လျှင် ပို့ဆောင်ခတက်၍ ကုန်ပစ္စည်းဈေးနှုန်းကို အနည်းနှင့် အများတက်စေပါကြောင်း၊ ခရီးသွားလာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုများတွင်လည်း စရိတ်တက်လာမည်ဖြစ်ပါကြောင်း။

သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas–LNG) ကို အလုပ်ရုံ၊ စက်ရုံများတွင် အသုံးပြုသည့်အပြင် အိမ်သုံးဓာတ်ငွေ့ရည်လည်း ဖြစ်သဖြင့် အရေးကြီးကုန်ပစ္စည်းဖြစ်ပါကြောင်း၊ အရှေ့အလယ်ပိုင်းပဋိပက္ခအချိန်ကာလတွင် ကမ္ဘာ့ရေနံဈေးတက်နေသည့်အခြေအနေမှာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့အရည်(LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပေးသည့်အတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် ကုန်ဈေးနှုန်းကို ထိန်းညှိပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ အခက်အခဲကို ဖြေလျှော့ပေးနိုင်မည်ဖြစ်၍ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တစ်လ ခွင့်ပြုနိုင်ရေးတို့အတွက် နိုင်ငံတော်သမ္မတ၏သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်မှ သဘောတူထောက်ခံပေးပါရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ယခုအခါ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ပြည်သူလူထု၏ နေ့စဉ်လူနေမှုဘဝများ အဆင်ပြေချောမွေ့ရေးနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းတည်ငြိမ်မှုရှိရေး ဆက်လက်ထိန်းညှိပေးရန် လိုအပ်သည့်အတွက် ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် အခွန်ကင်းလွတ်ခွင့်များကို ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတို့အတွက် ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုပေးနိုင်ရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

အခွန်ကင်းလွတ်ခွင့်ပြုရာတွင်လည်း ဘဏ္ဍာရေးတည်ငြိမ်မှုရှိစေရန်နှင့် အခွန်ဘဏ္ဍာငွေရရှိမှုအပေါ် သက်ရောက်မှု လျော့နည်းစေရန်အတွက် ပြည်သူလူထုအတွက် အရေးပေါ်ပံ့ပိုးဆောင်ရွက်ရန် လိုအပ်သည့်ကာလအတွက်သာ ခွင့်ပြုနိုင်ရေး စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ အခြေခံပြည်သူလူထုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည့် ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ်တွင်သာ အခွန်ကင်းလွတ်ခွင့်ပြုနေခြင်း ဖြစ်ပါကြောင်း။

သို့ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတို့အတွက် သုံးလထပ်မံ၍ တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို စက်ခလုတ်အသုံးပြု၍ ရယူရာ ထောက်ခံမဲ ၅၂၃မဲ၊ ကန့်ကွက်မဲ ၃ မဲနှင့် ကြားနေမဲ ၂ မဲတို့ဖြစ်ရာ ထောက်ခံဆန္ဒမဲများသဖြင့် အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်များအတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဇူလိုင် ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**



## ရွှေကူမြို့၌ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

**ရွှေကူ ဇူလိုင် ၂၈**

ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးစံက အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများ ချီးမြှင့်ခြင်း၊ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်းနှင့် ဘာသာရပ်အလိုက် သင်တန်းဆရာ ဆရာမများအား လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တံတားဖြတ်သန်းသွားလာခွင့်ပြုပေးနိုင်ရေး၊ ပယ်ဖျက်ခဲ့သော ဥပဒေများနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ဥပဒေပြန်လည်ပြဋ္ဌာန်းပေးနိုင်ရေး၊ မြေငှားဂရန်ခွင့်ပြုမိန့်ရရှိရေး၊ မီးသတ်စခန်းနှင့် ဆေးကုဆောင်တည်ဆောက်ပေးနိုင်ရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အလယ်တန်းနှင့် အထက်တန်းအဆင့် တိုးမြှင့်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်းရှစ်ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **သီပေါတံတားအား မည်သို့မည်ပုံ စည်းစနစ်ဖြင့် ဒေသခံပြည်သူများ၊ ဒေသတွင်း ကား၊ ဒေသအတွင်း ကုန်စည်စီးဆင်းဖြတ်သန်း သွားလာခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက သီပေါမြို့နယ်သည် ရှမ်းပြည်နယ်ကျောက်မဲခရိုင်၌ တည်ရှိပြီး အကျယ်အဝန်းမှာ ၂၀၄၅ ဒသမ ၀၂ စတုရန်းမိုင်ကျယ်ဝန်းပါကြောင်း၊ သီပေါမြို့နယ်အတွင်း၌ မြို့ပေါ်ရပ်ကွက်(၁၁)ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ကျေးရွာပေါင်း ၄၇၆ ရွာရှိပြီး လူဦးရေစုစုပေါင်း ၁၅၄၆၆၃ ဦး နေထိုင်လျက်ရှိပါကြောင်း၊ သီပေါတံတားသည် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်တွင် တည်ရှိပြီး သီပေါမြို့ ပန်းတိမ်တောင်ရပ်ကွက်နှင့် ပန်စောက်မိန်းကျေးရွာအုပ်စုကြား မိုင် ၁၃၀/၃ - ၁၃၀/၄ အတွင်း ဒုဋ္ဌဝတီမြစ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ကာ တံတားအရှည်မှာ ၅၆၉ ပေ၊ တံတားအကျယ်မှာ ယာဉ်သွား လမ်း ၂၈ ပေ၊ လူသွားလမ်း ၅ ပေရှိပါကြောင်း။

၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်မှစတင်၍ MNDAA၊ TNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် မိမိတို့ လုံခြုံရေးတပ်ဖွဲ့များသည် ယာယီဆုတ်ခွာခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သီပေါမြို့အား တပ်မတော်စစ်ကြောင်းများမှ ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် တိုက်ခိုက်ချေမှုန်းခဲ့ရာ ၁၈-၁၀-၂၀၂၅ ရက်တွင် နယ်မြေစိုးမိုးမှုပြန်လည်ရရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ သီပေါမြို့နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပါကြောင်း။

သီပေါတံတားသည် ငြိမ်းချမ်းစဉ်က နွေ၊ မိုး၊ ဆောင်းသွားလာနိုင်သော်လည်း လက်ရှိလုံခြုံရေးအခြေအနေများအရ သီပေါမြို့ပေါ်(၁၁)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၉)အုပ်စုတွင်သာ နယ်မြေစိုးမိုးမှုရရှိပြီး MNDAA၊ TNLA နှင့် PDF အမည်ခံအကြမ်းဖက်အုပ်စုများမှ အလုံးစုံဆုတ်ခွာသွားခြင်းမဟုတ်ဘဲ သီပေါတံတားအရှေ့ဘက်ခြမ်းနှင့် ကျန်ကျေးရွာအုပ်စုများတွင် အခြေပြုလှုပ်ရှားသွားလာလျက်ရှိသဖြင့် လုံခြုံရေးအခြေအနေများအရ သီပေါတံတားအား ယာယီပိတ်ထားရခြင်းဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် ဒေသတွင်းတည်ငြိမ်ရေးကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တပ်မတော်အပါအဝင် လုံခြုံရေးအဖွဲ့အစည်းများက လက်ရှိတွင် ဒေသတွင်းတည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်



လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် လုံခြုံရေးကောင်းမွန်စိတ်ချရသည့် နမ့်လန်-ကျောက်ဂူ-ရပ်စောက်လမ်းမှ သွားလာနိုင်ပါကြောင်း ဖြေကြားသည်။

ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးစောမောင်၏ **ပယ်ဖျက်ခဲ့သော ဥပဒေ(၅)ချက်ကို မူလဥပဒေများအတိုင်း ပြန်လည်အတည်ပြုပေးရန်နှင့် မူးယစ်ဆေးများ ပပျောက်သွားရန် မူလအတိုင်း ပြင်းထန်စွာအရေးယူခြင်း ဥပဒေအား ပြန်လည်ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရုပ်သိမ်းခဲ့ပြီးဖြစ်သော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေနှင့် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေတို့သည် ပြစ်မှုကျူးလွန်သူများကို လက်ရှိအရေးယူဆောင်ရွက်လျက်ရှိသော တည်ဆဲဥပဒေများဖြင့် ပြစ်ဒဏ်များချမှတ်နိုင်ရန် လုံလောက်မှု ရှိပါသောကြောင့် ပြန်လည်ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအခန်း(၉)အား စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေတွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသောကြောင့် ထပ်မံပြင်ဆင်ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေအခန်း(၄) တားမြစ်ချက်များအား ၃-၂-၂၀၂၆ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသောကြောင့် ထပ်မံပြင်ဆင် ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေသည် ကုလသမဂ္ဂကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များ၊ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာများဆိုင်ရာ အထူးအစည်းအဝေးအကြံပြုချက်များနှင့်အညီ ၃၁-၁၂-၂၀၂၅ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသောကြောင့် ထပ်မံပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်ခြင်းမရှိပါကြောင်းနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၈ နှင့် ၁၅၈၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀(က)၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀(က)တို့အရ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများ တင်သွင်းခွင့်ရှိပါကြောင်း ဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်တွင် မြေငှားဂရန်ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်မည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက အင်းစိန်မြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်အတွင်း တည်ရှိပြီး ရပ်ကွက် ၂၁ ရပ်ကွက်၊ အိမ်ခြေ ၄၇၀၅၅ လုံး၊ အိမ်ထောင်စု ၆၃၃၇၈ စု၊ လူဦးရေ စုစုပေါင်း ၂၇၃၉၅၇ ဦး နေထိုင်လျက်ရှိပါကြောင်း၊ အင်းစိန်မြို့နယ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ပါဝင်ပါသောကြောင့် မြေငှားဂရန်ထုတ်ပေးခြင်းအား သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေများအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့မြေအတွင်း လူနေထိုင်သည့် မြေဧရိယာ ၂၅၀၃ ဧကအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လက်ဝယ်ထားရှိပိုင်ခွင့်ရှိသော မြေ/မြေပိုင်မြေ ဟုတ်/မဟုတ်၊ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ ဟုတ်/မဟုတ်နှင့် နိုင်ငံခြားသားပိုင်မြေ ဟုတ်/မဟုတ် အစရှိသည့် ပိုင်ဆိုင်မှုမှတ်တမ်းများကို စစ်ဆေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

မြေပိုင်ဆိုင်မှုမှတ်တမ်းများ စိစစ်ဆောင်ရွက်ပြီး မြေအမျိုးအစားအလိုက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စီမံပိုင်ခွင့်ရှိသောမြေ ဖြစ်ပါက ဥပဒေနှင့်အညီ မြေငှားဂရန်စိစစ်ထုတ်ပေးသွားရန်နှင့် အခြားဝန်ကြီးဌာနများမှ စီမံခန့်ခွဲခွင့်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ နိုင်ငံခြားသားပိုင်မြေကို ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာန၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ စိစစ်ရေးအဖွဲ့သို့ အမွေဆက်ခံခွင့်ရရှိရန် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အလို့ငှာ လျှောက်ထားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

သို့ပါ၍ အင်းစိန်မြို့နယ် ရပ်ကွက်(၂၁)ရပ်ကွက်တွင် နေထိုင်ကြသောပြည်သူများအတွက် မြေငှားဂရန်ချထားပေးရန်ကိစ္စနှင့်စပ်လျဉ်းပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့နယ် နဘူးနှစ်ချားကျေးရွာတွင် မီးသတ်စခန်းတည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက နဘူးနှစ်ချားကျေးရွာသည် ကျေးရွာ ၅ ရွာပါဝင်သည့် နဘူးနှစ်ချား ကျေးရွာအုပ်စုတွင်ပါဝင်ပြီး အိမ်ထောင်စု ၆၈၉ စု၊ အိမ်ခြေ ၆၆၀၊ လူဦးရေစုစုပေါင်း ၄၁၄၂ ဦး ရှိပါကြောင်း၊ နဘူးနှစ်ချားကျေးရွာသည် ကော့ကရိတ်မြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့် ကျုံဒိုးမြို့၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာတွင်တည်ရှိပြီး တိုက်နယ်ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်း၊ စာတိုက်၊ ရုပ်မြင်သံကြားစက်ရုံနှင့် ခြေမြန်တပ်ရင်း ၃ ရင်းရှိသည့် လူနေထူထပ်သောကျေးရွာကြီးဖြစ်ပါကြောင်း၊ မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေမီးသတ်စခန်းဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း။

ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် နဘူးနှစ်ချားကျေးရွာတွင် နဘူးနယ်မြေ မီးသတ်စခန်းဖွင့်လှစ်နိုင်ရန်အတွက် ကျေးရွာသူ ကျေးရွာသားများမှ နဘူးကျေးရွာကွင်းအမှတ် ၃၄/ခ တနင်စာ တောင်ကွင်း၊ ဦးပိုင်အမှတ် ၂၁၊ ဥယျာဉ်မြေအမျိုးအစား ၀ ဒသမ ၂၈ ဧကအား မီးသတ်ဦးစီးဌာနသို့ လှူဒါန်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နဘူးနယ်မြေမီးသတ်စခန်းအား ဖွဲ့စည်းပုံခွင့်ပြုပေးပြီးဖြစ်ပါ၍ နယ်မြေမီးသတ်စခန်းအဆောက်အအုံဆောက်လုပ်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းများအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးစောမောင်၏ **ပညာအရည်အချင်း ပိုမိုမြင့်မားလိုလျှင် မိခင်ဘာသာစကားဖြင့် ပြောင်းလဲသင်ယူနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် မြန်မာဘာသာစကားကို အခြေခံထား၍ သင်ကြားပြီး ဘာသာစကားတစ်မျိုးတည်းကို အသုံးပြုခြင်းမဟုတ်ဘဲ Bilingual Education ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ ဘာသာရပ်ဆိုင်ရာ သဘောတရားများကို နားလည်တတ်မြောက်စေရန် မိခင်ဘာသာစကားဖြင့် တွဲဖက်ရှင်းလင်းသင်ကြားမှုကို အားပေးဆောင်ရွက်လျက်ပါကြောင်း။

အထက်တန်းအဆင့် သိပ္ပံဘာသာရပ်များတွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော်လည်း စာသင်ခန်းအတွင်းသင်ကြားရာ၌ ကျောင်းသားများ သဘောတရားကို ပိုင်နိုင်စွာ နားလည်စေရန် မိခင်ဘာသာစကား(မြန်မာစာ)ဖြင့် တွဲဖက်ရှင်းလင်းသင်ကြားနိုင်သည့်စနစ်ကို ကျင့်သုံးလျက်ရှိပါကြောင်း၊ မူလတန်းအဆင့်တွင် ကလေးများ၏ အခြေခံစာဖတ်စွမ်းရည်နှင့် အတွေးအခေါ်တည်ဆောက်နိုင်ရန် မိခင်ဘာသာစကားဖြင့် သင်ကြားပေးပြီး တိုင်းရင်းသားဘာသာစကားကိုလည်း သင်ကြားပေးပါကြောင်း၊ အလယ်တန်းအဆင့်တွင် မြန်မာစာနှင့် အင်္ဂလိပ်ဘာသာစကားတို့ကို အခြေခံကောင်းစေရန် စနစ်တကျသင်ကြားပေးပြီး အထက်တန်းနှင့် တက္ကသိုလ်အဆင့်တို့တွင် အင်္ဂလိပ်ဘာသာစကားကို ပိုမိုကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် လေ့ကျင့်ပေးရင်း ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများကို မြန်မာဘာသာဖြင့်ပါ တွဲဖက်ရှင်းလင်းပေးသည့်စနစ်ကို ကျင့်သုံးပါကြောင်း။

လက်ရှိအခြေခံပညာရေးစနစ်သည် လက်တွေ့ကျသော ပညာရေးကဏ္ဍပြန်လည် သုံးသပ်ရေးလုပ်ငန်းများ၏ ဆန်းစစ်တွေ့ရှိချက်များကို အခြေခံ၍ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားသင်ယူမှုနည်းလမ်းများ၊ စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ထားခြင်းဖြစ်၍ မိခင်ဘာသာစကားတစ်မျိုးတည်းဖြင့် သင်ကြားနိုင်ရေး ဆောင်ရွက်ရန် မသင့်ပါကြောင်း။

ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာဘာသာရပ်များကို ပိုမိုထိရောက်စွာ သင်ကြားသင်ယူနိုင်စေရန်အတွက် အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော ပြဋ္ဌာန်းစာအုပ်များကို ရည်ညွှန်းအသုံးပြုသော်လည်း သင်ကြားသင်ယူမှုများတွင် Bilingual ဘာသာစကား (၂)မျိုးဖြင့် သင်ကြားပို့ချ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆင့်မြင့်ပညာပိုမိုမြင့်မားလိုလျှင် မိခင်ဘာသာစကား တစ်မျိုးတည်းဖြင့် ပြောင်းလဲသင်ကြားရန် မသင့်လျော်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စမ်းစမ်းဌေး၏ **ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် သင်ကြားနိုင်ရေးအတွက် ဥပဒေနှင့်အညီ အဆင့်တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရေး၊

*စာမျက်နှာ ၉ သို့*

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Tariq Karim နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံစဉ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံကြား အပြန်အလှန်လေးစားမှု၊ နားလည်မှုတို့ကိုအခြေခံပြီး ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ တရားဝင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသည်မှာ ယခုနှစ်တွင် (၇၉) နှစ်ပြည့်မြောက်ပြီး ဖြစ်ပါကြောင်း၊ ချစ်ကြည်ရင်းနှီးသော သံတမန်ဆက်ဆံရေးကို ရေရှည်တည်ဆောက်နိုင်ခဲ့သည်ဟုဆိုနိုင်ပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံကြား ဆေးဝါးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍစသည်ဖြင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များသည် များပြားပါကြောင်း၊ ထို့ကြောင့် အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုများကို သံတမန်အတွေ့အကြုံ ကြွယ်ဝသည့် သံအမတ်ကြီး တာဝန်ထမ်းဆောင်နေစဉ် ကာလတွင် တိုးမြှင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားရှိပြီး အဆိုပါကော်မတီများထဲတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီ ပါဝင်ပါကြောင်း၊ အဆွေတော်တို့ ပါကစ္စတန်နိုင်ငံ အောက်လွှတ်တော်သည် နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းများ (Parliamentary Friendship Groups) များဖွဲ့စည်းထားရှိသည်ကို လေ့လာသိရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့လွှတ်တော်နှင့် ပါကစ္စတန်လွှတ်တော်များအကြား လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းများ ဖွဲ့စည်းခြင်းကိုလည်း သံအမတ်ကြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း၌ စတင်ဆောင်ရွက်လိုပါကြောင်း၊ ထိုမှတစ်ဆင့် လွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လွှတ်တော်ကော်မတီချင်း ဆက်ဆံရေး၊ အမျိုးသမီးနှင့်လူငယ်လွှတ်တော်ကိုယ်စားလှယ်များ အကြား ဆွေးနွေးပွဲများ ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ဆောင်ရွက်သွားလိုပါကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့လွှတ်တော်နှင့် ထိတွေ့ဆက်ဆံရန် အမြဲတံခါးဖွင့်ထားပါကြောင်း ပြောကြားသည်။

သံအမတ်ကြီးက ပြန်လည်ပြောကြားရာတွင် နှစ်နိုင်ငံလွှတ်တော် ချစ်ကြည်ရေးအသင်းများ ဖွဲ့စည်းမည့်ကိစ္စအား အထူးထောက်ခံပါကြောင်း၊ နိုင်ငံတကာပါလီမန်များတွင်လည်း ထိုသို့ဆောင်ရွက်ကြပါကြောင်း၊ အစိုးရချင်းသာမက လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ခြင်းသည် အရေးကြီးပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မိမိတို့နှစ်နိုင်ငံကြား ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်လာစေမည် ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြားတွင် ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်သွားလိုပါကြောင်း၊ Taxila မြို့သည် ဗုဒ္ဓဘာသာယဉ်ကျေးမှု အမွေအနှစ်များ ထွန်းကားသည့် ဒေသဖြစ်၍ ဗုဒ္ဓဘာသာမြန်မာပြည်သူများအနေဖြင့် လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်လိုပါကြောင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်နိုင်ရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဗန်နီ၊ ဒေါ်ဇာခြည်လွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပါကစ္စတန်သံအမတ်ကြီးနှင့်အတူ ပါကစ္စတန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

မည်သည့်ခွဲခြားမှုမျှ မရှိစေရေးနှင့် ကျောင်းထွက်သူမရှိစေရေးတို့ကို မူဝါဒများအရ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစ၍ အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအဖြစ် အသစ်ထပ်မံဖွင့်လှစ်ခြင်းမပြုတော့ဘဲ ယခင်ဖွင့်လှစ်ထားသည့် အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၉၈ ကျောင်းကို ဆက်လက်ဖွင့်လှစ်သင်ကြားခဲ့ရာ ယခုအခါ အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၈၃ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် စပ်လျဉ်း၍ ၁၉၉၆ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၁/၉၆) အစည်းအဝေးတွင် “ဘုန်းတော်ကြီးသင်ကျောင်းများတွင် အလယ်တန်းပညာသင်ကြားခြင်းကို ခွင့်မပြုရန်” ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် သာသနာရေးဝန်ကြီးဌာန၏ အုပ်ချုပ်မှုအောက်တွင်ရှိသော်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူခွင့် မဆုံးရှုံးစေရေး၊ ပညာဆက်လက်သင်ယူခွင့်ရရှိစေရေးအတွက် အခမဲ့ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သာသနာရေးဝန်ကြီးဌာနက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အထိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၇၆ ကျောင်းကို မူလတန်းအဆင့်မှ မူလတန်းလွန်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် (၂၀၂၆ ခုနှစ်၊ ဇူလိုင်လစာရင်းအရ) တွဲဖက်အထက်တန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှစ်ကျောင်း၊ အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၉၃ ကျောင်း၊ မူလတန်းလွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၆၁၆ ကျောင်းနှင့် မူလတန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၆၅၂ ကျောင်း၊ စုစုပေါင်း ၁၃၆၃ ကျောင်း ဖွင့်လှစ်ထားရှိပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၉၄၈၉၁ ဦး၊ ဆရာ ဆရာမ စုစုပေါင်း ၁၀၁၉၇ ဦးတို့ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်သို့ လတ်တလောတိုးမြှင့်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အတန်းအဆင့်အလိုက် ပြီးမြောက်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နီးစပ်ရာအခြေခံပညာကျောင်းများသို့ ကူးပြောင်းတက်ရောက်ပညာသင်ကြားနိုင်ပါကြောင်း ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်း ခုတင်(၁၀၀)ဆံ့ ဆေးရုံအား ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ကချင်ပြည်နယ် မိုးညှင်းမြို့တွင် လူဦးရေ ၃၀၀၀၉၃ ဦးရှိပြီး၊ ခုတင်(၁၀၀)ဆံ့ မိုးညှင်းပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံ ခြောက်ရုံ၊ မိခင်ကလေးကျန်းမာရေးဌာန၊ တိုက်နယ်နှင့် ကျေးလက်ကျန်းမာရေးဌာန ခြောက်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၉ ခုတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့ ခုတင်(၁၀၀)ဆံ့ဆေးရုံ၏ တစ်နေ့ပျမ်းမျှအတွင်း လူနာဦးရေ ၅၄ ဦးရှိပြီး ဆေးရုံခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ ၅၄ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အတွင်းလူနာဦးရေမှာ ခွင့်ပြုခုတင်အရေအတွက်ထက် စဉ်ဆက်မပြတ် ကျော်လွန်နေမှသာ ခုတင်အဆင့်မြှင့်တင်ခြင်းကို ဦးစားပေးဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ခုတင် (၂၀၀) သို့ အဆင့်တိုးမြှင့်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

မိုးညှင်းခရိုင် ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်(၁)ဦးနှင့် အထူးကုဆရာဝန်များအနေဖြင့် (ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ သွားကျန်းမာ၊ အရိုး) တို့အား ခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ လက်ထောက်ဆရာဝန်နှစ်ဦးကို ၁၅-၇-၂၀၂၆ ရက်က ထပ်မံပြောင်းရွှေ့ခန့်ထားပေးခဲ့ပြီး လက်ထောက်ဆရာဝန်အထူးကု (ဆေးပညာနှင့် မေ့ဆေး) တို့ကို ထပ်မံ ခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ ခွဲစိတ်ဆရာဝန်အနေဖြင့်လည်း အကြီးစားခွဲစိတ်မှုများကို နိုင်နင်းစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်ရှိသော အထူးကုဆရာဝန်များကို ခန့်ထားနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာန၏ လူ့စွမ်းအားမွေးထုတ်နိုင်မှုအပေါ် မူတည်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထပ်မံခန့်ထားသော သစ်လွင်သူနာပြုခြောက်ဦးသည်လည်း ၂၂-၆-၂၀၂၆ ရက်မှစ၍ စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်ပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့တွင် တိုင်းရင်းသမားတော် ဆေးကုသဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် တိုင်းရင်းဆေးရုံတည်ဆောက်ရန်အတွက် လယ်မြေကေ ၁ ဒသမ ၉၆ အား မြို့မိမြို့ဖများထံမှ လှူဒါန်းရရှိခဲ့ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန အမည်ပေါက်ပြောင်းလဲနိုင်ရေးနှင့် လယ်ယာမြေမှ အခြားနည်းလမ်းအသုံးပြုခွင့်အား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနသို့ လျှောက်ထားဆဲဖြစ်ပါကြောင်း။

ရွှေတောင်မြို့နယ်တွင် မြို့နယ်တိုင်းရင်းဆေးကုဌာန ဆေးခန်းတစ်ခန်း ဖွင့်လှစ်ထားရှိပြီး ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ နေ့စဉ်ပျမ်းမျှ လူနာ ၁၅ ဦးခန့် လာရောက်၍ ကုသမှုခံယူနေပါကြောင်း၊ ရွှေတောင်မြို့သည် (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံရှိသည့် ပြည်မြို့နှင့် ကိုးမိုင်ခန့်သာကွာဝေးပြီး ရာသီမရွေး ရထားလမ်း၊ ကားလမ်းများဖြင့် အချိန်မိနစ်၂၀ အတွင်း သွားရောက်နိုင်ပါသဖြင့် လတ်တလောတွင် ရွှေတောင်မြို့၌ တိုင်းရင်းဆေးရုံ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ဇူလိုင် ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

---

## မဟာအောင်မြေမြို့နယ်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း




မန္တလေး ဇူလိုင် ၂၈

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၂၆) ဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်က သင်တန်းဆင်းဂုဏ်ပြုအမှာစကားပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူး ၁၇ ဦး တက်ရောက်ခဲ့ပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးဆိုင်ရာဘာသာရပ်များကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ စနစ်တကျ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း (CLA-7) သင်တန်းဆင်း




**နေပြည်တော် ဇူလိုင် ၂၈**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်း (Certificate of Legal Advocacy, CLA-7) အား အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရန် ဥပဒေရေးရာ အခြေခံသဘောတရားများကို သိရှိနားလည်ပြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြောကြားသည်။

သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ ဦးစီးဌာနများက ဆောင်ရွက်လျက်ရှိသော ဥပဒေရေးရာကိစ္စရပ်များအပြင် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများ သိသင့်သိထိုက်သည့် ဥပဒေဘာသာရပ်များဖြစ်သည့် ဥပဒေပညာအခြေခံသဘောတရားများ ဘာသာရပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဘာသာရပ်၊ ဥပဒေမူကြမ်းရေးဆွဲခြင်းဘာသာရပ်၊ အထွေထွေဥပဒေအကြံဉာဏ်ပေးခြင်းဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေများ လက်တွေ့အသုံးချမှု ဘာသာရပ်၊ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဘာသာရပ်၊ ပြစ်မှုဆိုင်ရာနှင့် အထူးဥပဒေများ လက်တွေ့အသုံးချမှုဘာသာရပ်နှင့် တရားမဆိုင်ရာ ဥပဒေများ လက်တွေ့အသုံးချမှုဘာသာရပ်များ သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ (CLA-7) သင်တန်းဆင်းပွဲအခမ်းအနားကို ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း(Legal Advocacy Center) MOLA Lecture Hall ၌ ကျင်းပပြီး သင်တန်းဆင်းပွဲသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တရားလွှတ်တော်ချုပ် တရားသူကြီး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဖက်များအားလုံး အချင်းချင်းယုံကြည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ကြရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ တိုက်တွန်းပြောကြား

**ရန်ကုန် ဇူလိုင် ၂၈**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွှယ်လျက်ရှိပြီး ခွဲခြား၍ မရသော အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင် နိုင်ရန်အတွက် အစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဖက်များအားလုံး အချင်းချင်းယုံကြည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ကြရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည့် စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် တိုက်တွန်းပြောကြားသည်။



ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ INGO Peace အဖွဲ့ ဥက္ကဋ္ဌ Mr. Hiroyuki Nakazawa နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏတို့ကလည်း အမှာစကားပြောကြားကြသည်။

ဆွေးနွေးပွဲကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာ နုနုရီက လူ့အခွင့်အရေးအခြေခံအယူအဆအကြောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်ဌေးအိက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အကြောင်းနှင့် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အကြောင်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းက စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးအကြောင်းတို့ကို ဟောပြောဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံ INGO Peace အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာ-ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အေအိုင်နှင့် ကျွန်တော် (၇)

**အယ်ဒီတာတစ်ဦး**

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ(AI)က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အေအိုင်ကို ဒီဇိုင်းရေးဆွဲခိုင်းခြင်း၊ ပန်းချီရေးဆွဲခိုင်းခြင်း၊ စာတမ်းပြုစုခိုင်းခြင်း၊ သိလိုသည်များ မေးမြန်းခြင်း စသည်ဖြင့် ကျွန်တော်ကိုယ်တိုင် နေ့စဉ်အကျွမ်းတဝင် အသုံးပြုဖြစ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကို မေးမိသည့် မေးခွန်း၏ အဖြေကိုသိရှိပြီး ဤသို့ မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း –** ပြည်ပမှ ရုပ်သံဇာတ်လမ်းတွဲများက ဖျော်ဖြေရေးသက်သက်အတွက် ဖြစ်သော်လည်း ပညာရည်နိမ့်ပါးသော၊ တွေးခေါ်မြော်မြင်မှု အားနည်းသော နိုင်ငံသားအချို့အနေဖြင့် အိမ်ထောင်ရေးဖောက်ပြန်မှု၊ လိင်ကိစ္စအပေါ် အလေးမထားမှု၊ ကလေးစားချေလိုမှု၊ အရက်သေစာနှင့် ရင်းနှီးကျွမ်းဝင်မှု စသဖြင့် မကောင်းသော အတုခိုးခြင်းများ ကူးစက်ပျံ့နှံ့နေပါသည်။ Rating စနစ်လည်း မရှိသေးသည့်အတွက် မည်သို့ ထိန်းချုပ်ဆောင်ရွက်သင့်သလဲ။

**အဖြေ –** ပြည်ပမှ ရုပ်သံဇာတ်လမ်းတွဲများနှင့် မီဒီယာများမှတစ်ဆင့် မလိုလားအပ်သော အလေ့အထများနှင့် အပြုအမူများ ကူးစက်ပျံ့နှံ့လာမှုကို ထိန်းချုပ်ရန်အတွက် **အစိုးရ၊ မီဒီယာထုတ်လွှင့်သူများ၊ အိမ်ထောင်စုများနှင့် လူမှုအဖွဲ့အစည်းများ** ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီစွာ ထိန်းချုပ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို အပိုင်းသုံးပိုင်းခွဲ၍ အကြံပြုလိုပါသည်။

၁။ **မီဒီယာနှင့် နည်းပညာဆိုင်ရာ ထိန်းချုပ်မှုများ (Media Control & Regulation)**

- **အသက်အရွယ်အလိုက် ကြည့်ရှုခွင့် အဆင့်သတ်မှတ်ခြင်း (Content Rating System) ဖန်တီးခြင်း**
  - ရုပ်သံလိုင်းများ၊ OTT မီဒီယာများနှင့် Streaming ပလက်ဖောင်းများအားလုံးအတွက် စနစ်တစ်ခု သို့မဟုတ် အသက်အရွယ်အလိုက် ကြည့်ရှုရန် သင့်တော်/မသင့်တော် ဖော်ပြပေးသည့် စနစ်တစ်ခုကို ဥပဒေ/စည်းမျဉ်းဖြင့် အမြန်ဆုံးအကောင်အထည်ဖော်သင့်ပါသည်။ (OTT(Over-The-Top) မီဒီယာဆိုသည်မှာ ရိုးရာကေဘယ်လ်ကြိုး (သို့) ဂြိုဟ်တုတီဗွီလိုင်းများမလိုဘဲ အင်တာနက်ကို အသုံးပြု၍ ရုပ်ရှင်၊ ဗီဒီယိုနှင့် အသံလွှင့်အစီအစဉ်များကို တိုက်ရိုက်ကြည့်ရှုနိုင်သော ဝန်ဆောင်မှုများကို ခေါ်ဆိုပါသည်။)
  - ဇာတ်လမ်းမစမီ သို့မဟုတ် ရုပ်သံရေိယာတွင် "အသက် ၁၈ နှစ်မပြည့်သေးသူများ မိဘအုပ်ထိန်းသူနှင့်အတူ ကြည့်ရှုရန်" သို့မဟုတ် "အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြောင်းအရာများ ပါဝင်သည်" စသည့် **သတိပေးချက် (Content Warning)**များကို မဖြစ်မနေ ထည့်သွင်းပြသစေခြင်း။
- **ဆင်ဆာစနစ်နှင့် ထုတ်လွှင့်ချိန် ကန့်သတ်ခြင်း (Time-Slot Restrictions)**
  - အရက်သေစာ သောက်စားမှု၊ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ပေါ်လွင်သော ပြကွက်များကို အလွန်အကျွံ မပါဝင်စေရန် သင့်တော်သော ပြင်ဆင်/ ဆင်ဆာဖြတ်တောက်မှုများ ပြုလုပ်ခြင်း။
  - ကလေးများနှင့် လူငယ်များအကြည့်များသည့် ရွှေရောင်ချိန် (Prime Time – ညနေ ၆ နာရီမှ ၉ နာရီအတွင်း)တွင် အသက်အရွယ်မရွေးကြည့်ရှုနိုင်သော ဇာတ်လမ်းများကိုသာ ထုတ်လွှင့်စေပြီး ရင့်ကျက်သူများအတွက် ဇာတ်လမ်းများကို ညနက်ပိုင်းမှသာ ထုတ်လွှင့်စေခြင်း။

၂။ **မိဘအုပ်ထိန်းမှုနှင့် အိမ်ထောင်စုအဆင့် ထိန်းချုပ်မှု (Parental Control & Home Environment)**

- **Parental Controls နည်းပညာများကို အသုံးပြုခြင်း**
  - Smart TV၊ YouTube၊ Netflix နှင့် အခြား OTT App များတွင် ပါရှိသော **Parental Control (မိဘထိန်းချုပ်မှု)**စနစ်များကို အသုံးပြု၍ ကလေးငယ်များနှင့် လူငယ်များ မသင့်တော်သော အကြောင်းအရာများ ကြည့်ရှုခွင့်ကို PIN နံပါတ်ဖြင့် ပိတ်ပင်ထားခြင်း။
- **မိဘများနှင့် သားသမီးအကြား ပွင့်လင်းစွာ ဆွေးနွေးခြင်း**
  - ရုပ်သံထဲတွင် ပါဝင်သော ကိစ္စများ (ဥပမာ– အိမ်ထောင်ရေး ဖောက်ပြန်မှု၏ အကျိုးဆက်၊ အရက်သေစာ၏ ဘေးထွက်ဆိုးကျိုးများ)သည် ဖျော်ဖြေရေးသက်သက် လုပ်ကြံဖန်တီးထားခြင်းဖြစ်ပြီး လက်တွေ့ဘဝတွင် ကျင့်သုံးပါက လူမှုရေး၊ ကျန်းမာရေးနှင့် ဥပဒေကြောင်းအရ ဆိုးကျိုးများ ရှိကြောင်း မိသားစုအတွင်း ပွင့်လင်းစွာ စကားပြောဆိုဆွေးနွေးပေးခြင်း။

၃။ **အသိပညာပေးခြင်းနှင့် မီဒီယာ စာတတ်မြောက်မှု (Media Literacy)**

- **မီဒီယာ အသိပညာပေးခြင်း (Media Literacy) တိုးမြှင့်ခြင်း**
  - ပြည်သူများအား "ကြည့်သမျှ၊ မြင်သမျှကို အဟုတ်မမှတ်ဘဲ စိစစ်တွေးခေါ်သည့် အလေ့အထ" (Critical Thinking) ရှိလာစေရန် စာသင်ကျောင်းများ၊ လူမှုကွန်ရက်များနှင့် အများပြည်သူဆိုင်ရာ အသိပညာပေးအစီအစဉ်များမှတစ်ဆင့် မီဒီယာဆိုင်ရာ အသိပညာများ မျှဝေပေးခြင်း။
- **ဒေသတွင်းနှင့် မိမိတို့၏ကောင်းမွန်သော ယဉ်ကျေးမှုဆိုင်ရာ ရုပ်သံအကြောင်းအရာများကို မြှင့်တင်ခြင်း**
  - စိစစ်မှုမရှိသော ပြည်ပဇာတ်လမ်းတွဲများကို စွဲလမ်းမှုနည်းပါးသွားစေရန်အတွက် မိမိတို့နိုင်ငံ၏ အကျင့်စာရိတ္တ၊ မိသားစုတန်ဖိုးနှင့် အတွေးအခေါ်ကို အထောက်အကူပြုသည့် အရည်အသွေးမြင့် ဒေသတွင်း ဖျော်ဖြေရေးအစီအစဉ်များကို ပိုမိုဖန်တီးထုတ်လွှင့်ပေးခြင်း။

**အနှစ်ချုပ်**

Rating စနစ် မရှိသေးသည့်ကာလအတွင်း **အိမ်ထောင်စုအဆင့် နည်းပညာထိန်းချုပ်မှုများနှင့် မိဘများ၏ စနစ်တကျလမ်းညွှန်မှု**သည် အထိရောက်ဆုံးကာကွယ်မှုဖြစ်ပြီး ရေရှည်အတွက်မူ အစိုးရနှင့် မီဒီယာအဖွဲ့အစည်းများ ပူးပေါင်း၍ **Rating စနစ်နှင့် ဆင်ဆာမူဝါဒများ** အမြန်ဆုံးစတင်ကျင့်သုံးရန် လိုအပ်ပါသည်။

❖ ❖ ❖

# မြန်မာ - ဂျပန် စီးပွားရေးဖိုရမ် ဒုတိယပိုင်းအစီအစဉ် ဆက်လက်ကျင်းပပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ဆွေးနွေး

**ရန်ကုန်  ဇူလိုင်  ၂၈**

မြန်မာ-ဂျပန် စီးပွားရေးဖိုရမ် ဒုတိယပိုင်းအစီအစဉ်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (Myanmar Convention Center Yangon) ၌ ဆက်လက်ကျင်းပပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများကို ဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဆွေလင်းက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး အခွင့်အလမ်းများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ဂျပန်စီးပွားရေး လုပ်ငန်းရှင်များအတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ပို့ကုန်သွင်းကုန်များနှင့် ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးက ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်နှင့် အခွင့်အလမ်းများကို လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးက မြန်မာစီးပွားရေးဝန်းကျင်နှင့် အလားအလာများကိုလည်းကောင်း၊ မြန်မာ-ဂျပန်သီလဝါဖွံ့ဖြိုးရေးလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးသူရိန်အောင်က သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကိုလည်းကောင်း၊ ဂျပန်နိုင်ငံ Eco System Collaborator Earth Co., Ltd. မှ Mr. Akihito Sato က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး စကားဝိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးကြပြီး MoU နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကိုကျင်းပရာ ဝါးခယ်မ Trading Co., Ltd. မှ ဒေါက်တာစိုးထွန်းနှင့် ဂျပန်နိုင်ငံ Fruit World Foundation PTE Co., Ltd. မှ Mr. Abe Hideyuki၊ Double Island MS Co., Ltd. မှ ဒေါက်တာမင်းမင်းကျော်နှင့် ဂျပန်နိုင်ငံ Green Carbon Co., Ltd. မှ မစ္စတာ တာကဲဟိ ကိုခိုနုမ၊ Myanmar Paddy Producer Association Co., Ltd. မှ ဦးခင်မြင့်နှင့် ဂျပန်နိုင်ငံ Green Carbon Co., Ltd. မှ မစ္စတာ တာကဲဟိကိုခိုနုမ၊ Myanmar Tourism Bank Co., Ltd. မှ ဦးရန်ဝင်းနှင့် ဂျပန်နိုင်ငံ Fruit's World Foundation PTE Co., Ltd. မှ Mr . Yano Kensuke တို့က နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဒေါက်တာချာလီသန်း၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံနှင့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ ဂျပန်နိုင်ငံ INGO Peace ဥက္ကဋ္ဌ Mr. Nakazawa Hiroyuki နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

## မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး ရှင်းလင်းဖြေကြား




မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (ရန်ကုန်)၌ ကျင်းပခဲ့ပြီး ဖိုရမ်နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည် -

**မေး။ ။ ဒီနေ့ကျင်းပတဲ့ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ် ကျင်းပမှုနဲ့ ပတ်သက်ပြီး အရင်ဆုံး ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ဒီနေ့ ပြုလုပ်တဲ့ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်က မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း၊ ဂျပန်နိုင်ငံက INGO Peace နဲ့ မြန်မာနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဂျပန်နဲ့ မြန်မာအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ဖို့၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဖို့ကို ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**မေး။ ။ ဒီနေ့ဖိုရမ်ကို နိုင်ငံတော်သမ္မတကြီးလည်း တက်ရောက်ချီးမြှင့်ခဲ့ပါတယ်။ ဒီကနေ နှစ်နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ၊ အလားအလာကောင်းတွေ ရရှိနိုင်မယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ဂျပန်-မြန်မာ နှစ်နိုင်ငံပြည်သူတွေအကြားမှာ နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်လေးစားမှုနဲ့ ဆက်ဆံခဲ့ကြတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ပြီးတော့ စီးပွားရေးနဲ့ ပတ်သက်ရင် ဂျပန်နိုင်ငံက ကျွန်မတို့နိုင်ငံရဲ့ ကုန်သွယ်မှုမှာ အဆင့် (၆)၊ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် (၉) ဒီလိုမျိုး ပူးပေါင်းဆောင်ရွက်မှုတွေ မြင့်မားခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ နောက်တစ်ခါ သီလဝါ SEZ မှာဆိုရင် ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုက ၂၉ ဒသမ ၈၂ ရာခိုင်နှုန်းအထိ မြင့်မားခဲ့တာကို တွေ့ရပါတယ်။ အဲဒီတော့ ဂျပန်နဲ့ မြန်မာနိုင်ငံ အကြားမှာ ချစ်ကြည်ရင်းနှီးမှုအရ၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုက မြင့်မားပါတယ်။

ဒါကြောင့် ဒါကိုအလေးထားတဲ့အနေနဲ့ နိုင်ငံတော်သမ္မတ ကိုယ်တိုင် ဒီနေ့ စီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့ပါတယ်။ ပြီးတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေကို မြှင့်တင်ဖို့၊ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ဖို့အတွက် ဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်မတို့ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်ဆောင်ရွက်မယ်ဆိုရင် ဒီလိုရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ဖို့အတွက် ဝန်းကျင်ကောင်းတွေ ဖန်တီးပေးပါ့မယ်ဆိုပြီး သမ္မတကြီးက မိန့်ခွန်းမှာထည့်ပြီး ပြောကြားခဲ့ပါတယ်။

**မေး။ ။ ဒီနေ့ ရင်းနှီးမြှုပ်နှံမှုအတွက် ထပ်ပြီး ဖိတ်ခေါ်ခဲ့တယ်။ ဖိုရမ်မှာ ဂျပန်နိုင်ငံက ပါဝင်တက်ရောက်တဲ့ စီးပွားရေးလုပ်ငန်းရှင် အရေအတွက်ကိုလည်း သိပါရစေ။**

ဖြေ။ ။ ဒီနေ့စီးပွားရေးဖိုရမ်ကို ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင် ၉၄ ဦး တက်ရောက်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံဘက်က ၃၀၀ ကျော် တက်ရောက်ပါတယ်။

**မေး။ ။ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတွေကနေတစ်ဆင့် ရရှိလာမယ့် ရလဒ်ကောင်းတွေနဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။**

ဖြေ။ ။ ဒီနေ့ စီးပွားရေးဖိုရမ်မှာ ပထမပိုင်းက ဖိုရမ်ဖွင့်ပွဲပါ။ ဒုတိယပိုင်းမှာတော့ မျက်နှာစုံညီဆွေးနွေးပွဲတွေ လုပ်မှာပါ။ ဒီဆွေးနွေးပွဲကနေ မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ ကျွန်မတို့ဘက်က မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကျွန်မတို့ဘက်က ပံ့ပိုးမှုပြုလုပ်သွားမယ့်အရာတွေကို ဆွေးနွေးကြမှာပါ။ ပြီးရင် MoU လေးခု လက်မှတ်ရေးထိုးသွားမှာပါ။ ခုနက ဆွေးနွေးမှုတွေကနေတစ်ဆင့် ဂျပန်နိုင်ငံရဲ့ ကုန်သွယ်မှု တိုးမြှင့်ဖို့ကိစ္စတွေ၊ ပြည်သူတွေအကြား၊ ကုမ္ပဏီအချင်းချင်းကြားမှာ Business to Business (B to B) စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်နိုင်မယ်၊ ချစ်ကြည်ရင်းနှီးမှုတွေကို တည်ဆောက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်မတို့နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တယ်။ သဘာဝအရင်းအမြစ် ပေါများတဲ့ နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးမြေ ဧရိယာလည်း ကျယ်တယ်၊ ကျွန်မတို့ နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးကို အဓိကအားထားတဲ့ နိုင်ငံဖြစ်ပါတယ်။ အဲဒီတော့ ဒီကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်ပါတယ်။

နောက်တစ်ခုက ကျွန်မတို့ နိုင်ငံမှာ လူငယ်လုပ်သားအင်အားလည်း ပေါများတဲ့ အနေအထားလည်း ရှိပါတယ်။ ဒါကကျွန်မတို့ နိုင်ငံရဲ့ အားသာချက်ပါ။ ဂျပန်နိုင်ငံရဲ့ အားသာချက်ကတော့ သူတို့မှာနည်းပညာတွေရှိတယ်၊ အရင်းအနှီးရှိတယ်၊ အဲဒီတော့ ကျွန်မတို့ နိုင်ငံကို လာပြီးတော့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ အားသာချက်နဲ့ ဂျပန်နိုင်ငံရဲ့ အားသာချက် ဒါကိုပူးပေါင်းဆောင်ရွက်လိုက်ရင် နှစ်နိုင်ငံလုံးအတွက် Win-Win Situation ကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာ အထောက်အကူဖြစ်မှာပါလို့ ပြောကြားလိုပါတယ်။

**သတင်းအဖွဲ့**



## တောင်ကြီးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်း ဖွင့်လှစ်

**တောင်ကြီး  ဇူလိုင်  ၂၇**

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲအရာရှိက သင်တန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ သင်တန်းကို ငါးရက်ကြာ စာတွေ့ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**မင်းသန့်(ပြန်/ဆက်)**

# စံချိန်စံညွှန်းလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၆)နှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေး (၁/၂၀၂၆) ကျင်းပ၊ မြန်မာစံချိန်စံညွှန်း ၁၈၃ ခုအား ထပ်မံအတည်ပြု



**နေပြည်တော် ဇူလိုင် ၂၈**

စံချိန်စံညွှန်းလုပ်ငန်း ကော်မတီအစည်းအဝေး(၁/၂၀၂၆)နှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေး(၁/၂၀၂၆)ကို ဇူလိုင် ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး မြန်မာစံချိန်စံညွှန်း ၁၈၃ ခုအား ထပ်မံအတည်ပြု သတ်မှတ်နိုင်ခဲ့သည်။

အမျိုးသား စံချိန်စံညွှန်းကောင်စီအစည်းအဝေးတွင် ယခင်ကော်မတီအစည်းအဝေး အတည်ပြုဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှု၊ မြန်မာစံချိန်စံညွှန်းရေးဆွဲရေးလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ပြီး မြန်မာစံချိန်စံညွှန်း နောက်ဆုံးမူကြမ်း ၁၈၃ ခု၊ ထုတ်ကုန်အရည်အသွေး ထောက်ခံချက်ထုတ်ပေးခြင်း အဖွဲ့အစည်းများဆိုင်ရာ လိုအပ်ချက်စံချိန်စံညွှန်းဖြစ်သော MMS ISO/IEC 17065: 2012 အသိပညာပေးသင်တန်းကိစ္စ၊ ပြည်တွင်း၊ ပြည်ပ အရည်အသွေးထောက်ခံချက် ထုတ်ပေးလိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ Survey စစ်တမ်း ကောက်ယူထားသည့် ဦးစားပေးကဏ္ဍများဆိုင်ရာ အချက်အလက်များ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဓာတ်ခွဲခန်း(ရန်ကုန်)အား ISO/IEC 17025 အသိအမှတ်ပြုလက်မှတ်ရ ဓာတ်ခွဲခန်းအဖြစ် သတ်မှတ်ခြင်းစသည့်တို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က အမှာစကားပြောကြားပြီး စံချိန်စံညွှန်း လုပ်ငန်းကော်မတီအစည်းအဝေးတွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့် စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ အတည်ပြုချက်ရယူမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြပြီး ကော်မတီဝင်များက အဆိုပြုတင်ပြထားသည့် စံချိန်စံညွှန်းများ၊ ရေးဆွဲလျက်ရှိသော မြန်မာစံချိန်စံညွှန်းမူကြမ်းများနှင့် မြန်မာစံချိန်စံညွှန်း မူကြမ်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြကြရာ စံချိန်စံညွှန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကောင်စီဝင်များနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မူလအခြေအနေထက် အစစအရာရာ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် မူဝါဒချမှတ်ထား

**ဟားခါး ဇူလိုင် ၂၈**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် အစစအရာရာ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် မူဝါဒချမှတ်ထားကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့ပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် ခက်ခဲသိမ်မွေ့သည့် လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံတော်က ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ရန်ပုံငွေများခွဲဝေချထားခဲ့ပြီး နောက်ထပ် လိုအပ်သည်များကိုလည်း ထပ်မံထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လမ်းညွှန်ချက်များနှင့်အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကိုလည်းကောင်း၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးက ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းမှု၊ ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များတွင် နိုင်ငံ့ဝန်ထမ်းများ ရောက်ရှိတာဝန်ထမ်းဆောင်မှု၊ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်မှု၊ အခြေခံပညာကျောင်းများနှင့် ဆေးရုံများဖွင့်လှစ်နိုင်မှု၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးပစ္စည်းများ လက်ခံရရှိမှု၊ ဖြန့်ဝေမှု၊ ရန်ပုံငွေလက်ခံရရှိမှုနှင့် သုံးစွဲမှုနှင့် အဆောက်အအုံပျက်စီးမှုအခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့် ကော်မတီဝင်များက ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များအပေါ် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးတို့က အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

---

※ *ကျောဖုံးမှ*

ဂျန်းနစ်နှင့်အတူ မူဘာဒါလာဒီစီအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်သို့ အမ်မာနာဗာရို၊ ခရူဂါ၊ လက်ရှိ ချန်ပီယံ လေလာဖာနန်ဒက်စ်တို့ တက်လှမ်းထားနိုင်ပြီဖြစ်သည်။ ဂျန်းနစ်သည် မူဘာဒါလာဒီစီအိုးပင်းတင်းနစ်အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း တရုတ်နာမည်ကြီး တင်းနစ်မယ် ကျန်းရှိုင်နှင့် တွဲဖက်ကာ ယှဉ်ပြိုင်ကစားသွားမည်လည်းဖြစ်သည်။ **အောင်ဇော်**

---

❍ *ကျောဖုံးမှ*

ထို့ပြင် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အောင်ချမ်းသာရွာသစ်ကျေးရွာနေ ဦးအောင်တင်ဝင်း(၅၄)နှစ်သည် ၎င်း၏နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားခုနစ်ဦး ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဦးအောင်တင်ဝင်းတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

အလားတူ ည ၈ နာရီ ၄၅ မိနစ်တွင် ညောင်လေးပင်မြို့နယ် ဇီးကန်(အရှေ့)ကျေးရွာနေ ဦးကျော်သူရ (ခ)မျိုးသက်(ခ) ကုလား(၄၅)နှစ်သည် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးအေးအောင်(၃၈)နှစ်နှင့်အတူ နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ PDF အမည်ခံအကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးဖော်ထုတ်ရမိရေး လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦးထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။



ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အပြစ်မဲ့ အရပ်သားပြည်သူ တစ်ဦးသေဆုံးမှု မှတ်တမ်းဓာတ်ပုံ။



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး သေဆုံးမှုမှတ်တမ်းဓာတ်ပုံ။

---

# အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၈**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ်ပို့ဆောင်ရောင်းစားခဲ့သူများကို ဇူလိုင်၂၃ ရက်တွင် ဖမ်းမိတရားခံ ကံကော်ဦး(ခ)မီးမီးတို့နှစ်ဦးကို မရမ်းကုန်းခရိုင်တရားရုံးကလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အပုလေးနှင့် မာမာခိုင်တို့နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်နေ မ----၊ ၂၆ နှစ်သည် လူမှုကွန်ရက် Tik Tok ပေါ်၌ Li Li အကောင့်မှ “ငွေလိုနေတဲ့သူဝင်ငွေကောင်းကောင်းရမယ်၊ အလုပ်လုပ်ချင်တဲ့သူများ Hi ပေးပါ” ဟု ရေးသားထားသည်ကို တွေ့ရှိသည့်အတွက် ဆက်သွယ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာနေ Li Li အကောင့်ပိုင်ရှင် ကံကော်ဦး(ခ)မီးမီးက မူဆယ်မြို့ရှိ ပန်းသီးခူးလုပ်ငန်းနှင့် ဆံပင်အတုလုပ်ငန်းတို့တွင် အလုပ်လုပ်ရမည်၊ လစာအသင့်အတင့်ရမည်၊ လုပ်ကိုင်လိုပါက မန္တလေးသို့လာရမည်ဖြစ်ပြီး လမ်းခရီးအကုန်ကျခံပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးသဖြင့် ၎င်းမှ ဆံပင်အတုအလုပ်လုပ်ကိုင်ရန် ရန်ကုန်မှ မန္တလေးသို့သွားရောက်ခဲ့ရာ ကံကော်ဦး (ခ) မီးမီးနှင့် ခင်ပွန်းဖြစ်သူ ဘိုဘိုတို့က လာရောက်ခေါ်ဆောင်၍ မူဆယ်မြို့သို့ပို့ဆောင်ပေးခဲ့ကြောင်း။

မူဆယ်မြို့သို့ရောက်သောအခါ ကံကော်ဦး(ခ)မီးမီး၏ ယောင်းမဖြစ်သူ အပုလေးက လာရောက်ခေါ်ဆောင်၍ တရုတ်နိုင်ငံ Shan Xi ပြည်နယ် Yi Cheng Xian Linfen မြို့တွင်နေထိုင်သော မာမာခိုင်ထံ ပို့ဆောင်ပေးခဲ့ကြောင်း၊ မာမာခိုင်က ၎င်းအား တရုတ်ယောကျ်ားထံ တရုတ်ယွမ် ၃၀၀၀၀ ဖြင့် ရောင်းစားခဲ့သဖြင့် ထွက်ပြေး၍ Linfen မြို့ရှိ ရဲစခန်းသို့ အကူအညီတောင်းခံခဲ့ရာ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခြင်းခံခဲ့ရကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ လှိုင်မြို့မရဲစခန်း(ပ)၆/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင်၂၃ ရက်တွင် မရမ်းကုန်းခရိုင်တရားရုံးက ဖမ်းမိတရားခံ ကံကော်ဦး(ခ) မီးမီး တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီ ကျခံစေရန်အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အပုလေးနှင့် မာမာခိုင်တို့နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် အလေးမ၊ ဝူရှူးနှင့် Teqball အားကစားအဖွဲ့များ အားကစားနည်းအလိုက် လေ့ကျင့်

**ရန်ကုန် ဇူလိုင် ၂၈**

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အလေးမ၊ ဝူရှူးနှင့် Teqball အားကစားအဖွဲ့များသည် တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ သက်ဆိုင်ရာ အားကစားကွင်း/ အားကစားရုံများတွင် အားကစားနည်းအလိုက် လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါလေ့ကျင့်နေမှုကို ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် တာဝန်ရှိသူများက အလေးမအားကစားရုံ၌ ပဏာမလက်ရွေးစင် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှု၊ ဝူရှူးအားကစားလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် ဝူရှူး(ထောက်လု)ကစားသမားများ၏ လေ့ကျင့်နေမှု၊ Teqball အားကစားရုံ၌ ပဏာမလက်ရွေးစင် Teqball အားကစားသမားများ၏ လေ့ကျင့်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေး အားပေးစကားပြောကြားသည်။

ထို့နောက် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိစေရေး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်ချိန် တစ်နှစ်ကျော်ခန့်သာကျန်ရှိတော့ကြောင်း၊ မြန်မာ့အားကစား အောင်မြင်တိုးတက်ရေးအတွက် တာဝန်ရှိသူများအားလုံး ဘက်ပေါင်းစုံမှ နည်းလမ်းကောင်းများ၊ အကြံဉာဏ်ကောင်းများဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် တာဝန်ရှိသူများက (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်မလေးရှားနိုင်ငံမှ ထည့်သွင်းကျင်းပမည့် အားကစားနည်းများ၊ မိမိတို့မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားသည့် အားကစားနည်းများ၊ အောင်မြင်မှုရရှိနိုင်မည့် အားကစားနည်းများ၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့များ၏ နေထိုင်စားသောက်နေမှုများ၊ လေ့ကျင့်နေမှုများနှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစား အောင်မြင်မှုရရှိရေးအတွက် အားကစားရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများအားလုံး ဟန်ချက်ညီညီဖြင့် လက်တွဲ၍ အတူတကွကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

## ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)အဆောက်အအုံနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့တွင် ရှေးဟောင်းအဆောက်အအုံ ကြေးပြားကမ္ပည်းမော်ကွန်းတပ်ဆင်

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှေးဟောင်းအဆောက်အအုံ လေးခုကို ကြေးပြားကမ္ပည်းမော်ကွန်း တပ်ဆင်နိုင်ခဲ့ပြီး ယနေ့တပ်ဆင်သည့် ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) အဆောက်အအုံနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ရှေးဟောင်းအဆောက်အအုံ နှစ်ခုအပါအဝင် စုစုပေါင်း ရှေးဟောင်းအဆောက်အအုံ ခြောက်ခုကို ကြေးပြားကမ္ပည်းမော်ကွန်း တပ်ဆင်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြောကြားခဲ့သည်။

ယနေ့ မွန်းလွဲပိုင်းတွင်ကျင်းပသည့် ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်) အဆောက်အအုံနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့တွင် ရှေးဟောင်းအဆောက်အအုံ ကြေးပြားကမ္ပည်းမော်ကွန်းတပ်ဆင်ခြင်းအခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာနှင့် အနုပညာလက်ရာ တန်ဖိုးမြင့်မားပြီး နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်သင့်သည့် နှစ်(၁၀၀)နှင့်အထက် သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံများကို ဥပဒေ၊ နည်းဥပဒေအရ ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ကာ ကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်အထိ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှေးဟောင်းအဆောက်အအုံပေါင်း ၅၇၀၈ လုံးရှိပြီး ၂၀၂၂ ခုနှစ်မှ ယနေ့အထိ ဥပဒေအရ နှစ် (၁၀၀) နှင့်အထက် သက်တမ်းရှိပြီး နိုင်ငံတော်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားရန်လိုအပ်သည့်အဆောက်အအုံများကို ဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ၃၉၇ လုံးကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့သည့်အတွက် ယခုဆိုလျှင် စုစုပေါင်း ၆၁၀၅ လုံး ရှိပြီဖြစ်ကြောင်း။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများသည် ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်အောင်ဆွဲဆောင်နိုင်ပြီး နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ခမ်းနားထည်ဝါမှုစသည့် တန်ဖိုးများ မြင့်တက်စေခြင်းကြောင့် အမွေအနှစ်တန်ဖိုးနှင့် ထိန်းသိမ်းရန်လိုအပ်မှုကို ပြည်သူများအနေနှင့် နားလည်သိရှိလိုက်နာလာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြားလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။



ယနေ့တပ်ဆင်သည့် ကြေးပြားကမ္ပည်းမော်ကွန်းသည် ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) အဆောက်အအုံနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့၏ သမိုင်းတန်ဖိုးကို ပိုမိုထင်ရှားစေမည့်အပြင် အမှတ်တရအမွေအနှစ်တစ်ရပ်အဖြစ် ရေရှည်တည်တံ့စေမည်ဖြစ်၍ ပြည်သူလူထု လူငယ်များအနေဖြင့်လည်း မိမိတို့၏ ရှေးဟောင်းအဆောက်အအုံများကို ရေရှည်တည်တံ့စေရန်အတွက် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များကို ဆက်လက်လက်ဆင့်ကမ်းမည့် အရေးပါသောမှတ်တမ်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တောင်ငူခရိုင် အထူးဒေသ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**တောင်ငူ ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ရေတာရှည်မြို့နယ်အတွင်း MSME လုပ်ငန်းများဖြစ်သည့် မြို့လှမြို့ရှိ ဝါးတူ၊ တစ်ရှူး စက္ကူလိပ်ထုတ်လုပ်နေမှု ဟော်လန်အာလူးမျိုး မျိုးထိန်းသိမ်းခြင်းလုပ်ငန်းနှင့်ကြာဆံစက်အခြေအနေကို လှည့်လည်ကြည့်ရှုအားပေးပြီး မြို့လှမြို့ ချောင်းမကြီးရပ်ကွက်ရှိ အသက်(၁၁၈)နှစ်ပြည့်ပြီးဖြစ်သည့် အဘွားဒေါ်ဖာတမာအား သွားရောက်တွေ့ဆုံဂါရဝပြုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာအုပ်စုရှိ စက္ကူထုတ်လုပ်မည့်စက်ရုံ၌ စက်ပစ္စည်းတပ်ဆင်နေမှုနှင့် တစ်ရက် တန်(၅၀)ကျ "ကျော်မိုးနိုင် မိသားစု" ဆန်စက်နှင့် အခြောက်ခံစက်လည်ပတ်နေမှုကိုလည်းကောင်း၊ တောင်ငူမြို့နယ် ကံရိုးကျေးရွာအုပ်စု၌ ဒေသတွင်းစားရေရိက္ခာဖူလုံစေရေး ကေတုမတီငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းမှ ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန် စုစုပေါင်း ကောင်ရေ နှစ်သိန်းကျော်နှင့် ဥစားဘဲကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ တောင်ငူမြို့ ထီးလှိုင်ရပ်ကွက်ရှိ "မုဒိတာ"မှိုနှင့် မှိုစားသောက်ကုန်လုပ်ငန်းကိုလည်းကောင်း၊ အုတ်တွင်းမြို့နယ် တောင်ညိုအုပ်စု မင်းရဲကုမ္ပဏီလီမိတက်မှ နှစ်ရှည်သီးနှံ သရက်စိုက်ခင်းဧရိယာအတွင်း ရိုဘတ်စတာကော်ဖီ ၁၀ ဧက အောင်မြင်စွာ စိုက်ပျိုးထားရှိမှုနှင့် ဖြူးမြို့ ထန်းကုန်းရပ်ကွက်ရှိ ကလေးအာဟာရမုန့်လုပ်ငန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ဒေသခံနှစ်ရှည် သီးနှံစိုက်တောင်သူများထံ ရိုဘတ်စတာကော်ဖီပျိုးပင်များပေးအပ်ကာ မှိုနှင့်ပတ်သက်သည့် စားသုံးကုန်နှင့် လူသုံးကုန်ပစ္စည်း အမယ်သစ်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

ဒုတိယဦးဆောင်ဂိုးကို ထပ်မံသွင်းယူပေးခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက နှစ်ဂိုး – ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

အိမ်ရှင် ဖိလစ်ပိုင်အသင်းအနေဖြင့် ချေပဂိုးရရှိရန် ထိုးဖောက်ကစားခဲ့ပြီး ချေပဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် Gayoso က သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ပွဲချိန် ၈၂ မိနစ်တွင် ဟိန်းထက်အောင်၏ ဖန်တီးပေးပို့မှုမှ တစ်ဆင့် ဝင်းနိုင်ထွန်းက တတိယဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၈၃ မိနစ်တွင် မြတ်ကောင်းခန့်၏ ပေးပို့မှုမှ တစ်ဆင့် သန်းပိုင်က လေးဂိုးမြောက် ဦးဆောင်ဂိုးကို ထပ်မံသွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဇူလိုင် ၂၅ ရက်က ကစားခဲ့သည့် မလေးရှားအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသော်လည်း ယခုပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို အနိုင်ရရှိခဲ့သည့်အတွက် အုပ်စု (B) ၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အာဆီယံ ဟွန်ဒိုင်းဖလား အုပ်စု(A) တတိယနေ့ ပွဲစဉ်များကို ဇူလိုင် ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**နေမျိုး၊ ခတ်ပုံ–MFF**




## ဂျပန်နိုင်ငံ ကျူရှူးဒေသတွင် ပြင်းအား ၇ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်

**တိုကျို ဇူလိုင် ၂၈**

ဂျပန်နိုင်ငံ ကျူရှူးဒေသတွင် အင်အားပြင်းထန်သော ငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ပြီး ကူမာမိုတိုခရိုင်မှ အာဏာပိုင်များသည် ယင်းဒေသတစ်ဝန်းတွင် ထိခိုက်ဒဏ်ရာရရှိသူ အများအပြားရှိကြောင်း သတင်းပေးပို့ချက်ပေါင်း များစွာကို လက်ခံရရှိထားကြောင်း သိရသည်။

အဆိုပါ ငလျင်သည် ကူမာမိုတိုခရိုင်တွင် ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီ ၂၇ မိနစ်တွင် လှုပ်ခတ်သွားခဲ့ပြီး ငလျင်ပြင်းအားမှာ ၇ ဒသမ ၁ အဆင့်ရှိကြောင်း၊ ယင်းမှာ ဂျပန်နိုင်ငံ၏ ငလျင်ပြင်းအားတိုင်းတာမှုစကေးအရ အဆင့် ၇ ရှိပြီး အမြင့်ဆုံးနှင့် အပြင်းထန်ဆုံးအဆင့်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် အဆိုပါအဆင့်ရှိ ငလျင်လှုပ်ခတ်မှု နောက်ဆုံးအကြိမ်မှာ ၂၀၂၄ ခုနှစ်က လှုပ်ခတ်ခဲ့သည့် နိုတိကျွန်းဆွယ်ငလျင်ကြီးဖြစ်သည်။ ကူမာမိုတိုခရိုင်သည် ပြင်းအား ၇ အဆင့်ရှိ ငလျင်နှစ်ကြိမ်လှုပ်ခတ်ခဲ့သော ၂၀၁၆ ခုနှစ် ဧပြီလနောက်ပိုင်း ငလျင်ကြီးလှုပ်ခတ်မှုနှင့် ကြုံတွေ့ရခြင်းမရှိကြောင်း သိရသည်။

ဂျပန်မိုးလေဝသ အေဂျင်စီသည် ယင်းဒေသအတွင်း ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့သော်လည်း ညနေ ၆ နာရီ ၁၀ မိနစ်တွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်သမ္မတက ဗဟိုဘဏ်၏ အတိုးနှုန်းလျှော့ချပေးရန် တိုက်တွန်း

**ဝါရှင်တန် ဇူလိုင် ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်၏ အတိုးနှုန်းကို လျှော့ချရန် တိုက်တွန်းတောင်းဆိုခဲ့သည်။ အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းမူဝါဒကို ဆုံးဖြတ်မည့် ဇူလိုင် ၂၈ ရက်တွင် စတင်မည့် နှစ်ရက်ကြာ အစည်းအဝေးမတိုင်မီ ၎င်း၏မှတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ဖြေရှင်းရန် အတိုးနှုန်းမြင့်တင်မည်ဆိုလျှင် စိုးရိမ်ပူပန်ပါသလားဆိုသည့် မေးခွန်းကို ထရမ့်က တုံ့ပြန်ဖြေကြားလိုက်ခြင်းလည်း ဖြစ်သည်။ လွန်ခဲ့သည့် နှစ် ၃၀ ကဲ့သို့ မိမိတို့ အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အနိမ့်ဆုံး အတိုးနှုန်းရှိသင့်သည်ဟု ၎င်းကပြောကြားခဲ့သည်။

အမေရိကန်ဗဟိုဘဏ်က အစည်းအဝေးတွင် မည်သည့်အကြောင်းအရာများ ဆုံးဖြတ်ချက်ချမည်နည်းဆိုသည့်အပေါ် စီးပွားရေးသမားများ၏အမြင်များ ရောထွေးလျက်ရှိသည်။ အချို့ကလည်း အမေရိကန်ဗဟိုဘဏ်သည် အတိုးနှုန်းကိုမပြောင်းလဲဘဲ ပုံမှန်အတိုင်းဆက်လက်ထားရှိမည်ဟုလည်း မျှော်လင့်ကြသည်။ သို့သော် အခြားသော စီးပွားရေးပညာရှင်များနှင့် လေ့လာသုံးသပ်သူများက အီရန်ပဋိပက္ခကြောင့် ငွေကြေးဖောင်းပွမှု ပြန်လည်မြန်ဆန်လာနိုင်သည်ဟူသော စိုးရိမ်မှုများရှိနေသဖြင့် အမေရိကန်ဗဟိုဘဏ်သည် သုံးနှစ်အတွင်း ပထမဆုံးအကြိမ် အတိုးနှုန်းကို မြှင့်တင်နိုင်သည်ဟု သုံးသပ်ကြသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဗဟိုဘဏ်ဥက္ကဋ္ဌ ကယ်ဗင်ဝါ့ရှ်သည် အမေရိကန်ဗဟိုဘဏ်ကို ဦးဆောင်ရန် သင့်တော်သူဖြစ်ကြောင်း ထောက်ခံပြောဆိုခဲ့သည့် အပြင် ဗဟိုဘဏ်ဥက္ကဋ္ဌသည် နိုင်ငံ၏စီးပွားရေးအတွက် အကောင်းဆုံးဖြစ်မည့် ဆုံးဖြတ်ချက်ကို ချမှတ်လိုစိတ်ရှိသည်ဟုလည်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အီရတ်က ရေနံစိမ်းစည်ပေါင်း ၃၂ သန်းကျော် တင်ပို့ပြီး ဝင်ငွေကန်ဒေါ်လာ ၂ ဒသမ ၃၃ ဘီလီယံကျော် ရရှိ

**ဘဂ္ဂဒက် ဇူလိုင် ၂၈**

အီရတ်နိုင်ငံသည် မေလနှင့်ဇွန်လအတွင်း ရေနံစိမ်းစည်ပေါင်း ၃၂ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအမေရိကန် ဒေါ်လာ ၂ ဒသမ ၃၃ ဘီလီယံကျော် ရရှိခဲ့ကြောင်း အီရတ်ရေနံဝန်ကြီးဌာနက ဇူလိုင် ၂၈ ရက်တွင် ပြောသည်။



ယင်းကာလအတွင်း အီရတ်နိုင်ငံ၏ ရေနံတင်ပို့ရာ ဗဟိုအချက်အချာဖြစ်သည့် ဘာစရာရေနံဆိပ်ကမ်းများမှတစ်ဆင့် နိုင်ငံတောင်ပိုင်း ရေနံမြေများမှ ရေနံစိမ်းစည်ပေါင်း ၂၀ ဒသမ ၂၃ သန်းကို တင်ပို့ခဲ့ကြောင်း နိုင်ငံပိုင်ရေနံရောင်းဝယ်ရေးအဖွဲ့အစည်း၏ အချက်အလက်များကို ကိုးကားပြီး အဆိုပါဝန်ကြီးဌာနက ပြောသည်။

ထို့ပြင် နိုင်ငံမြောက်ပိုင်း ကာကုတ်ရေနံမြေများမှ ရေနံစိမ်းစည်ပေါင်း ၁၀ ဒသမ ၃၁ သန်းနှင့် တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ်စတန်ဒေသမှ ရေနံစိမ်းစည် ၁ ဒသမ ၅၆ သန်းကို တူကီယဲနိုင်ငံ အာဒါနာပြည်နယ်သို့ မြေထဲပင်လယ်ကမ်းလွန်ရှိ တူကီယဲရေနံဆိပ်ကမ်း ဂျေဟန်ဆိပ်ကမ်းမှ တစ်ဆင့် တင်ပို့ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ပြောသည်။

အီရတ်နိုင်ငံသည် လစဉ်ရေနံစိမ်းစည် သန်း ၁၀၀ ခန့် ပုံမှန်တင်ပို့လေ့ရှိသော်လည်း အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားသည့် ဖေဖော်ဝါရီ ၂၈ ရက်နောက်ပိုင်း တင်ပို့မှုကျဆင်းသွားခဲ့ကြောင်း၊ အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့မှုအပေါ် မှီခိုအားထားနေရပြီး နိုင်ငံ့ဝင်ငွေစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှု အဆုံးသတ်ပြီဖြစ်ကြောင်း ယူဂန်ဒါကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်

**ကမ်ပါလာ ဇူလိုင် ၂၈**

ယူဂန်ဒါနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက လက်ရှိဖြစ်ပွားနေသော အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုမှာ အဆုံးသတ်သွားခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၂၈ ရက်က တရားဝင် ကြေညာခဲ့သည်။ ကူးစက်ရောဂါဆိုင်ရာ စုံစမ်းစစ်ဆေးမှုများမှ ရရှိလာသော အချက်အလက်များနှင့် ရောဂါကူးစက်မှု ရပ်တန့်သွားပြီဖြစ်ကြောင်းကို ထောက်ခံနိုင်သည့် လုံလောက်သော သိပ္ပံအထောက်အထားများ ရရှိခဲ့သောကြောင့် ထိုသို့ ကြေညာနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ် အီဘိုလာရောဂါဖြစ်ပွားမှုကို ယူဂန်ဒါနိုင်ငံက တရားဝင် အဆုံးသတ်ကြောင်း ကြေညာနိုင်သည့်အတွက် အထူးဝမ်းမြောက်ကြောင်း၊ ယနေ့အချိန်တွင် ယူဂန်ဒါနိုင်ငံသည် အီဘိုလာရောဂါကင်းစင်သော နိုင်ငံဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ခရစ်ဘာရိုမန်စီ၏ ပြောကြားချက်ကို ကိုးကား၍ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော နောက်ဆုံးလူနာကို ဆေးရုံမှဆင်းခွင့်ပြုပြီးနောက် ၄၂ ရက် စောင့်ကြည့်ရမည့် စံသတ်မှတ်ကာလ မပြီးဆုံးမီတွင် ယခုကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယူဂန်ဒါနိုင်ငံသည် ဇူလိုင် ၁၆ ရက်တွင် နောက်ဆုံး အီဘိုလာလူနာအား ဗိုင်းရပ်စ် စစ်ဆေးမှုရလဒ် Negative (ဗိုင်းရပ်စ်မတွေ့ရှိ) ထွက်ပြီးနောက် ဆေးရုံမှဆင်းခွင့်ပြုခဲ့သည်။

**ဆင်ဟွာ**

## ဆူဒန်ရှိ ကျန်းမာရေးဌာနများအနက် ၇၅ ရာခိုင်နှုန်းခန့် လုပ်ငန်းများပြန်လည်လည်ပတ်

**ခါတွန် ဇူလိုင် ၂၈**

ပြင်းထန်သည့် ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဆူဒန်နိုင်ငံရှိ ဆေးရုံများနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုဌာနများ၏ ၇၅ ရာခိုင်နှုန်းခန့်မှာ လုပ်ငန်းများ ပြန်လည်လည်ပတ်နေပြီဖြစ်ကြောင်း ဆူဒန်ကျန်းမာရေးဝန်ကြီး ဟိုင်သမ် မိုဟာမက် အီဘရာဟင်က ဇူလိုင် ၂၆ ရက်တွင် ပြောကြားသည်။

ကျန်းမာရေးကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးဘဏ်များထံမှ နိုင်ငံတကာရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၉၃ သန်းကျော် သဘောတူညီချက်များကို ရရှိလက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် လာမည့်သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၁၅၀ ခန့် ထပ်မံရရှိရန် ကတိကဝတ်များလည်း ရရှိထားကြောင်း ၎င်းကပြောကြားသည်။

ဆူဒန်လက်နက်ကိုင်တပ်ဖွဲ့များနှင့် အရန်အမြန်ထောက်ပံ့ရေးတပ်ဖွဲ့တို့အကြား ၂၀၂၃ ခုနှစ် ဧပြီလမှ စတင်၍ ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် ကျန်းမာရေးကဏ္ဍတွင် ကြီးမားသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ရာနှင့်ချီသော ကျန်းမာရေးဌာနများ ပျက်စီးခြင်း သို့မဟုတ် ပိတ်သိမ်းခြင်းခံခဲ့ရသဖြင့် ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်ခဲ့ရပြီး ကာလဝမ်းရောဂါ၊ ဝက်သက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါအပါအဝင် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နီပေါ၏ ပထမဆုံး အဝေးပြေးလမ်း ဥမင်လိုဏ်ခေါင်းဖွင့်လှစ်

**ခတ္တမန္ဒူ ဇူလိုင် ၂၈**

နီပေါနိုင်ငံ၏ ပထမဆုံး အဝေးပြေးလမ်း ဥမင်လိုဏ်ခေါင်းကို ဇူလိုင် ၂၇ ရက်တွင် တရားဝင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံ၏သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်လာခဲ့သည်။

ခတ္တမန္ဒူချိုင့်ဝှမ်း၏ အဓိကဝင်ပေါက်ဖြစ်သည့် ပရစ်သ်ဗီ အဝေးပြေးလမ်းမပေါ်တွင် တည်ဆောက်ထားသော ၂ ဒသမ ၆၈ ကီလိုမီတာရှည် အဆိုပါဥမင်လိုဏ်ခေါင်းသည် ခရီးသွားချိန်ကို မိနစ် ၂၀ မှ ၃၀ အထိ လျှော့ချပေးနိုင်တော့မည်ဖြစ်သည်။

လက်ရှိတွင် နီပေါနိုင်ငံအနောက်ပိုင်း ပယ်လ်ပါခရိုင်၌ Siddhababa ဥမင်လိုဏ်ခေါင်းကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိပြီး စီမံကိန်းရုံး၏ထုတ်ပြန်ချက်အရ စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၅၅ သန်းခန့် ရှိသည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ရွေးကောက်ပွဲကတိကဝတ်များကို အကောင်အထည်ဖော်လျက်ရှိဟု ဂျပန်ဝန်ကြီးချုပ်ပြော

ယခုနှစ်အစောပိုင်း ပါတီရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆန္ဒရှင်များအား ကတိပေးခဲ့သည့် မူဝါဒများကို အကောင်အထည်ဖော်ရန် အဓိကအာရုံစိုက်၍ ဆောင်ရွက်လျက်ရှိကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာအိချီ ဆာနာအဲက ဂျပန်လွှတ်တော် အထူးအစည်းအဝေးအပြီး ဇူလိုင် ၂၇ ရက်တွင် သတင်းထောက်များနှင့် တွေ့ဆုံပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

### အာဖဂန် ရေဘေးသင့်မိသားစုများ အရေးပေါ်အကူအညီရရှိ

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နူရစ်စတန်ပြည်နယ်၌ မကြာသေးမီက ဖြစ်ပွားခဲ့သော ရုတ်တရက်ရေကြီးမှုဒဏ်ကို ခံစားခဲ့ရသည့် မိသားစု ၅၀၀ ခန့်သည် အရေးပေါ်စားနပ်ရိက္ခာနှင့် အရေးပေါ်အထောက်အပံ့ပစ္စည်းများကို ရရှိပြီဖြစ်ကြောင်း ပြည်နယ်အစိုးရက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။ နူရစ်စတန်ပြည်နယ်၏ မြို့တော်ပါရွန်၌ ဇူလိုင် ၂၀ ရက်က ဖြစ်ပွားခဲ့သော ရုတ်တရက်ရေကြီးမှုကြောင့် ၂၅ ဦး သေဆုံးကာ ၁၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ**

### ဂူဂျာရတ်ပြည်နယ်၌ အင်ဒီဂိုလေယာဉ် အရေးပေါ်ဆင်းသက်

အိန္ဒိယနိုင်ငံ၏ ပုဂ္ဂလိကလေကြောင်းလိုင်းကုမ္ပဏီ IndiGo မှ ဒူဘိုင်း-မွမ်ဘိုင်းခရီးစဉ်ပြေးဆွဲသည့် လေယာဉ်သည် ပျံသန်းနေစဉ် ကုန်တင်ခန်းအတွင်း မီးခိုးတွေ့ရှိခဲ့သဖြင့် ဇူလိုင် ၂၇ ရက်က ဂူဂျာရတ်ပြည်နယ်၌ အရေးပေါ်ဆင်းသက်ခဲ့ကြောင်း၊ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းအားလုံး ဘေးအန္တရာယ်ကင်းရှင်းကြောင်း လေဆိပ်ဒါရိုက်တာ ဒီဂန်တာဘိုရာက ပြောသည်။

**ဆင်ဟွာ**

# ရောဝတီ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား ဇူလိုင် ၂၈**

ရောဝတီ မြစ်ဆုံ - မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်နေပြည်သူများနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပွဲများကို ဇူလိုင် ၂၇ ရက်က မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်နှင့် ဒူကထောင်ရပ်ကွက်တို့တွင် ပြုလုပ်ရာ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်းက ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်သော နည်းပညာဆိုင်ရာ အချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာပညာရှင် တွေ့ရှိချက်များ၊ လျှပ်စစ်စွမ်းအင်ရရှိမှုပေါ်မူတည်၍ နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာခြားပုံ၊ မြစ်ဆုံနေရာကို ရွေးချယ်ရခြင်း၏ အင်ဂျင်နီယာဆိုင်ရာ အားသာချက်များကို သုံးသပ်ဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများက မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်အလက်များ၊ ဒေသခံများ၏ အကျိုးအမြတ်၊ ခံစားခွင့်၊ စိုးရိမ်ပူပန်မှုများအပေါ် ပွင့်ပွင့်လင်းလင်းမေးမြန်းခဲ့ကြရာ ပြည်နယ်ဝန်ကြီးနှင့် ကချင်ပြည်နယ်ဒေသခံကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် နည်းပညာဆိုင်ရာ ငွေကြေးနှင့် တမံကြီးများ၏ ကြံ့ခိုင်မှု၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ မြစ်ဆုံဆည်ပြီးစီးပါက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်သည့်အခြေအနေများနှင့် ဒေသခံပြည်သူများ၏ အကျိုးအမြတ်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



## မူပိုင်ခွင့်ဆိုင်ရာဥပဒေများ ရှင်းလင်းဆွေးနွေး

**ပြည် ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တရားရုံးက မူပိုင်ခွင့်ဆိုင်ရာဥပဒေများ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကမ်းနားလမ်းရှိ ဂင်္ဂါဝတီခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က အမှာစကားပြောကြားပြီး ပြည်ခရိုင်တရားသူကြီး ဦးမင်းသန့်က “မူပိုင်ခွင့်ဆိုင်ရာ တရားမမှုနှင့် ရာဇဝတ်မှုများ စွဲဆိုခြင်းနှင့် စစ်ဆေးစီရင်ခြင်း” ခေါင်းစဉ်ဖြင့် မူပိုင်ခွင့်ဥပဒေ (၄) ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများအရ တရားမမှုနှင့် ရာဇဝတ်မှုများစွဲဆိုခြင်းနှင့် စစ်ဆေးစီရင်ခြင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှု မူပိုင်ခွင့်ဥပဒေအရ တရားမမှုများစွဲဆိုခြင်းနှင့် စစ်ဆေးစီရင်ခြင်းအကြောင်းကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ရှေ့နေများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်ခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ၌ တာဝန်ထမ်းဆောင်နေသော တရားသူကြီးများနှင့် တရားရေးအရာရှိများ၊ ပြည်ခရိုင်အတွင်းရှိ ရှေ့နေအသင်းများမှ အသင်းဝင်တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများ အပါအဝင် စုစုပေါင်း ၁၅၀ တက်ရောက်သည်။ **ဝဏ္ဏထွန်း (ပြန်/ဆက်)**

## ပေါင်မြို့နယ် မမကြီးတောင်ပေါ်၌ မိုဘိုင်းစခန်းဖွင့်လှစ်

**မော်လမြိုင် ဇူလိုင် ၂၈**

မွန်ပြည်နယ် ပေါင်မြို့နယ် မမကြီးတောင်ပေါ်ရှိ မိုဘိုင်းစခန်းဖွင့်လှစ်ပွဲကို ယနေ့နံနက်ပိုင်းက ကျွဲခြံကျေးရွာ မမကြီးတောင်ပေါ်၌ ပြုလုပ်ရာ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦး၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်မှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာနှင့် မမကြီးတောင်ကျောင်းတိုက် ဆရာတော်တို့က မိုဘိုင်းစခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးက မွန်ပြည်နယ် တစ်ခုလုံးတွင် ရက် ၁၀၀ စီမံချက်ဖြင့် မိုဘိုင်းစခန်းသစ်ငါးခု တိုးချဲ့တပ်ဆင်ခြင်းကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာတည်ဆောက် တပ်ဆင်ပြီးစီးခဲ့ကြောင်း ပြောကြားခဲ့သည်။



**စည်သူ (ပြန်/ဆက်)**

## စဉ့်ကိုင်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်

**စဉ့်ကိုင် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ဥပဒေရုံးမှ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အတွက် ဥပဒေ အသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)သင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးဆန်းကိုထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းတွင် မြို့နယ်ဥပဒေအရာရှိက သင်တန်းသားများအား ဥပဒေဆိုင်ရာဘာသာရပ်များကို ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၁ရက်အထိ ငါးရက်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စွာ (စဉ့်ကိုင်)**



အိမ်မဲမြို့နယ်အတွင်းရှိ စားအုန်းဆီရောင်းချသည့် ဆိုင်များ၌ စားအုန်းဆီခွဲတမ်းများအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချမှု ရှိ/မရှိ၊ အလေးချိန်ပြည့်မီမှန်ကန်စွာ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးကြပ်မတ်ခြင်းတို့ကို ဇူလိုင် ၂၇ ရက်က မြို့နယ်စားအုန်းဆီဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်နှင့် မြို့နယ်စားအုန်းဆီကိုယ်စားလှယ်များ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်စဉ်။ ချစ်သက်လယ်(ပြန်/ဆက်)

## ကွန်ဟိန်းမြို့နယ်၌ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းရည်မြှင့်တင်

**ကွန်ဟိန်း ဇူလိုင် ၂၈**

ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုစွမ်းရည်နှင့် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်လာရေးအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်အတွင်းရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁)သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်တို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်သူများကို ဆုများပေးအပ်သည်။ **ခွန်ရဲထွေး(ဆီဆိုင်)**



## သံဖြူဇရပ်မြို့နယ်၌ ငှက်ပျောပင်စိုက်ပျိုးပွဲကျင်းပ

**သံဖြူဇရပ် ဇူလိုင် ၂၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ငှက်ပျောသီးစားသုံးခြင်းဖြင့် အာဟာရဖြစ်စေပြီး ခန္ဓာကိုယ်ကြီးထွား၍ မုန့်ဖိုးငွေများသက်သာစေရန်ရည်ရွယ်၍ ဒေသမျိုး (ဖီးကြမ်းနှင့်သီးမွှေး) ငှက်ပျောပင်စိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း အခြေခံပညာကျောင်းများအားလုံးတွင် စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့်အဖွဲ့ဝင်များ၏စီမံမှုဖြင့် မြို့နယ်ပညာရေးမှူး ဦးမင်းအောင်ဝင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အသင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ၊ ပညာရေးဌာနဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များစုပေါင်း၍ တစ်ပြိုင်နက်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## (၂၈-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၀၄၈,၇၉၆.၀၃ | ၅,၆၂၃,၁၇၅.၁၃ | ၅၈,၂၈၉,၉၈၁.၇၉ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၀.၃၀ သန်းအား CMP ကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

■ *ကျော့ဖုံးမှ*

ပထမပိုင်းပွဲချိန် မိနစ် ၃၀ တွင် ဖွဲ့ကပင်အသင်း၏ ထောင့်ကန်ဘောမှတစ်ဆင့် Young Lionesses FC အသင်းမှ စန်းစန်းထွေးက ကိုယ့်ဂိုးကိုယ်မှားယွင်းသွင်းမိခဲ့၍ ဖွဲ့ကပင်အသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ ပွဲချိန် ၆၂ မိနစ်တွင် အိုဖိုရီနှင့် ၆၆ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ကလိုရီယာတို့က ဒုတိယဂိုးနှင့် တတိယဂိုးများကို ထပ်မံသွင်းယူပေးခဲ့ကြသည်။

Young Lionesses FC အသင်း၏ ခံစစ်ပိုင်းအားနည်းမှုနှင့် ရှင်းထုတ်မှု မသေသပ်မှုများကြောင့် ပွဲချိန် ၇၃ မိနစ်တွင် အိုဖိုရီက ဖွဲ့ကပင်အသင်းအတွက် လေးဂိုးမြောက်ဂိုးကို သွင်းယူခဲ့သည်။ ၈၁ မိနစ်တွင် DRAME က တစ်ဂိုး၊ ၈၈ မိနစ်တွင်ရရှိသည့် ပင်နယ်တီမှတစ်ဆင့် အိုဖိုရီကပင် ထပ်မံသွင်းယူခဲ့ပြီး ဂိုးပြတ်ဦးဆောင်နိုင်ခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-MWL**

# ဆယ်ကျော်သက်များဆီသို့ - ကျား မ အခြေပြု အကြမ်းဖက်မှုအကြောင်း

နန္ဒဝင်း (ဆေး-၁)

တူ တူမလေးတို့ရေ - ဒီနေ့ ဦးဦးတို့ ဆွေးနွေးကြမယ့် စကားဝိုင်းကတော့ **"ကျား မ အခြေပြု အကြမ်းဖက်မှု"** အကြောင်းပဲ ဖြစ်ပါတယ်။

ကျား မ အခြေပြု အကြမ်းဖက်မှုဆိုတာ ဘာလဲ။ **ကျား မ မတူညီခြင်းပေါ် အခြေပြုပြီး တစ်စုံတစ်ယောက်ကို နာကျင်နစ်နာစေတယ်**ဆိုရင် ကျား မ အခြေပြု အကြမ်းဖက်မှုပါပဲ။

ဘာတွေပါသလဲ ဆိုလို့ရှိရင် လူတစ်ဦးရဲ့ ကိုယ်ခန္ဓာကို တွန်းတာ၊ ရိုက်တာ၊ နာကျင်စေတာ၊ အရှက်ခွဲတာ၊ မကြားဝံ့ မနာသာ ဆဲဆို ပုတ်ခတ်ပြောဆိုတာ၊ ခြိမ်းခြောက်တာ၊ တစ်စုံတစ်ယောက်ရဲ့ တယ်လီဖုန်း နှင့် အချက်အလက်တွေ၊ ပတ်သက်ဆက်နွှယ်မှု၊ လှုပ်ရှားဆောင်ရွက်မှုတွေကို ကန့်သတ်တာ၊ တစ်စုံတစ်ယောက်ကို အတင်းအဓမ္မလက်ထပ်ခိုင်းတာ၊ ပတ်သက်ခိုင်းတာ၊ တစ်စုံတစ်ယောက်ရဲ့ ဓာတ်ပုံကို ခွင့်ပြုချက်မရဘဲ အများကို မျှဝေတာ ဒါတွေအားလုံး ပါတာပေါ့ကွယ်။

ဟာ ဒါတွေဟာ ဝတ္ထုတွေ ရုပ်ရှင်တွေမှာသာ ဇာတ်လမ်းအဖြစ် ရှိတာပါ။ ရှိမယ်ဆိုရင်တောင် အတော်ပြဿနာများတဲ့ မိသားစုတွေမှာ၊ ဟိုးအဝေးက မိသားစုတွေမှာသာဖြစ်တာပါ။ တို့ပတ်ဝန်းကျင်မှာ မရှိပါဘူးလို့ မထင်လိုက်ကြပါနဲ့။ ဒါတွေဟာ နေရာတိုင်းမှာ ဖြစ်နိုင်ပါတယ်။ အိမ်မှာ၊ ကျောင်းမှာ၊ ရပ်ရွာထဲမှာ၊ ဦးဦးတို့ရဲ့ တူ တူမလေးတို့ရဲ့ အသိတွေထဲမှာ အချိန်မရွေး နေရာမရွေးဖြစ်သွားနိုင်ပါတယ်။

### လေးစားမှုမရှိတဲ့ ခံယူချက်

ဒီနေရာမှာ တူ တူမလေးတို့ကို တစ်ခု သတိထားဖို့ မှာကြားချင်ပါတယ်။ အကြမ်းဖက်မှုတွေရဲ့ အစဟာ နာကျင်စေလိုမှု မဟုတ်ပါဘူး။ **လေးစားမှုမရှိတဲ့ ခံယူချက်က အစ**ဆိုတာပါပဲ။ ဦးဦးတို့ တူ တူမလေးတို့အပါအဝင် လူသားတွေဟာ အသက်အရွယ် ကျား မ လူမျိုး ယုံကြည်ကိုးကွယ်မှုမရွေး တစ်ဦးကိုတစ်ဦး လေးစားမှုရှိရပါမယ်။ တစ်ဦးပေါ်တစ်ဦး လေးစားမှုမရှိဘူးဆိုရင် အကြမ်းဖက်မှုတွေဖြစ်လာဖို့ အကြောင်းရင်း ရှိနေတာပါပဲ။

တူ တူမတို့လို ဆယ်ကျော်သက် လူငယ်တွေဆီမှာ ဒီအကြမ်းဖက်မှုဆိုတဲ့ ဖြစ်ရပ်ဆိုးကြီးကို တားဆီးနိုင်တဲ့ စွမ်းအားတွေရှိနေပါတယ်။ အဲဒါကတော့ အပြန်အလှန်လေးစားမှုကို မိမိတို့ နေ့စဉ်ဘဝမှာ လက်ခံကျင့်သုံးဖို့ပါပဲ။ အိမ်တိုင်း ကျောင်းတိုင်း ရပ်ကွက်တိုင်းမှာ အချင်းချင်းဆက်ဆံကြတဲ့အခါ လေးစားမှုသာရှိမယ်ဆိုရင် အကြမ်းဖက်မှုဆိုတာ တို့တွေရဲ့ ပတ်ဝန်းကျင်မှာ ဖြစ်လာတော့မှာ မဟုတ်ပါဘူး။

တူတူမလေးတို့လိုဆယ်ကျော်သက်လူငယ်တွေဆိုတာ ရုပ်ပိုင်းဆိုင်ရာအင်အားတွေ စရှိလာပြီ။ မိမိတို့ ဘဝအသီးသီးအတွက် စိတ်ကူး အိပ်မက်တွေ အစပျိုးနေပြီ။ မိမိတို့မျှော်လင့်တဲ့ အနာဂတ်အသီးသီးအတွက် ကြိုးစားပုံဖော်နေကြတဲ့ အရွယ်တွေပါပဲ။ ဒီအချိန်မှာ တူ တူမလေးတို့ ဆုံးဖြတ်ရမှာက ငါတို့ဟာ အနာဂတ်မှာ ဘယ်လိုပုံစံနဲ့ ရပ်တည်သွားကြမှာလဲ **"သူတစ်ပါးကို နာကျင်စေသူလား"** ဒါမှမဟုတ် **"သူတစ်ပါးကို ကာကွယ်မယ့်သူလား"** ဆိုတာပါပဲ။

**" အကြမ်းဖက်မှုတွေရဲ့ အစဟာ လူသားအချင်းချင်း လေးစားမှုမရှိခြင်းပါပဲ။ လူသားအချင်းချင်း လေးစားမှုရှိပါစေ။ တူ တူမလေးတို့ မျိုးဆက်သစ်တွေကစတင်ပြီး အပြန်အလှန် လေးစားမှုတွေကို ပြသရပါမယ်။ တည်ဆောက်ရပါမယ်။ အချင်းချင်း လေးစားတဲ့ သူငယ်ချင်းတွေ၊ အချင်းချင်းလေးစားချစ်ခင်တဲ့ ကျောင်းပတ်ဝန်းကျင်၊ အချင်းချင်းလေးစားတန်ဖိုးထားတဲ့ လူ့ဘောင်တစ်ရပ်ဖြစ်ဖို့ ကိုယ်တိုင်တည်ဆောက်ထားတဲ့ ကိုယ်ကျင့်တရား၊ မှန်သောစကားများကို တိတိကျကျ ဖွင့်ဆိုနိုင်တဲ့ သတ္တိ၊ အကာကွယ်ပေးနိုင်မယ့် အဖွဲ့အစည်း၊ ဥပဒေ၊ မူဘောင်တွေရှိဖို့ လိုအပ် "**

မှန်ကန်တဲ့ စွမ်းအားဆိုတာ လက်သီးဆုပ်တွေထဲမှာ ရှိတာမဟုတ်ဘူး။ **"ဒီလို မလုပ်ရဘူး" "အဲဒါမှားယွင်းတဲ့ လုပ်ရပ်ပဲ၊" "ဘယ်သူတစ်ယောက်မှ နောက်တစ်ယောက်ကို နာကျင်အောင် လုပ်ခွင့်မရှိဘူး"၊ "လူတိုင်းလူတိုင်းအချင်းချင်း အပြန်အလှန်လေးစားရမယ်"** ဆိုတဲ့ စကားတွေကို ပြောထွက်နိုင်ခြင်းကသာ မှန်ကန်တဲ့ စွမ်းအားတွေဖြစ်ပါတယ်။ ကျန်းမာတဲ့သူဆိုတာ ရုပ်ပိုင်းဆိုင်ရာ သန်စွမ်းနေရုံသာမက စိတ်ပိုင်းဆိုင်ရာ ကြင်နာမှုရှိရမယ်၊ ဆက်ဆံမှုအပိုင်းမှာ တာဝန်ခံမှုရှိရမယ်၊ ခံစားမှုပိုင်းဆိုင်ရာမှာ ရဲရင့်ပြတ်သားမှုရှိဖို့ လိုပါတယ်။

တူ တူမလေးတို့ရဲ့ စိတ်ဓာတ်တွေက တည်ငြိမ်အေးချမ်းနေမယ်၊ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိနေမယ်၊ ပတ်ဝန်းကျင်မှာလည်း တစ်ဦးပေါ်တစ်ဦး အပြန်အလှန်လေးစားမှုတွေနဲ့ ဆက်ဆံနေမယ်ဆိုရင် အကြမ်းဖက်မှုဆိုတာ ပေါ်ပေါက်လာစရာ နေရာမရှိတော့ပါဘူး။

### အသံကသာ အကြမ်းဖက်ခံရတဲ့ ဓားစာခံတွေကို ကယ်တင်နိုင်

တူ တူမလေးတို့ နေထိုင်ရတာ မလုံခြုံဘူးလို့ ခံစားရရင်၊ တစ်စုံတစ်ယောက်က ခွင့်ပြုချက်မရှိဘဲ လာရောက်ထိတွေ့ကိုင်တွယ်နေရင်၊ ဒါမှမဟုတ် တစ်ယောက်ယောက်က ခြိမ်းခြောက်လာခဲ့ရင်၊ မိမိကိုယ်တိုင်မဟုတ်ဘဲ တစ်စုံတစ်ယောက်က ဒီလို ခံစားနေရတာ တွေ့ရင်၊ ကူညီနိုင်သူတွေကို အမြန်ပြောပါ၊ အကူညီတောင်းခံပါ။ ငြိမ်မနေပါနဲ့။ တိတ်ဆိတ်မနေပါနဲ့။ အားငယ်စိုးထိတ် တိတ်ဆိတ်နေခြင်းဟာ အကြမ်းဖက်မှုတွေကို ပိုမိုအားပေးစေပါတယ်။ **အသံကသာ အကြမ်းဖက်ခံရတဲ့ ဓားစာခံတွေကို ကယ်တင်နိုင်မှာပါ။**

တူလေးတို့ ယောက်ျားလေးတွေကို မှာချင်ပါတယ်။ ယောက်ျားစင်စစ်တွေဟာ ပတ်ဝန်းကျင်ကို ကာကွယ်တတ်တယ်။ ယောက်ျားစင်စစ်တွေမှာ လေးစားမှုဆိုတာရှိတယ်။ ယောက်ျားစင်စစ်တွေက ဘယ်သူ့ကိုမှ နာကျင်မှုမပေးဘူးဆိုတာပါပဲ။ တစ်ခေတ်က နာမည်ကြီး စာရေးဆရာ ဝင်းဦးရဲ့ ပုတ်ပြေးဆိုတဲ့ ဝတ္ထုလေးထဲက စာသားကို ပြန်ပြောရမယ်ဆိုရင် **ယောက်ျားဆိုတာ မိန်းကလေးတွေကို အချစ်ပဲပေးရတယ်၊ အရှက်မပေးရဘူးတဲ့**၊ မှတ်သားစရာပါပဲ။

တူမလေးတို့ကိုလည်း မှာချင်ပါတယ်။ မိန်းကလေးတိုင်းမှာ တန်ဖိုးတွေရှိတယ်၊ အင်အားတွေရှိတယ်၊ အမြဲတမ်း ဘယ်လိုအခြေအနေ ဘယ်လိုနေရာမှာ ဖြစ်ပါစေ၊ လုံခြုံဖို့ ထိုက်တန်တယ် ဆိုတာပါပဲ။

ယနေ့ကစပြီး လူငယ်တွေဟာ လွတ်လပ်စွာ အချိန်မရွေး၊ ပျော်ပျော်ပါးပါး၊ အနှောင့်အယှက်ကင်းကင်း၊ လမ်းလျှောက်သွားလာနိုင်မယ့် တုန့်လှုပ်မှုကင်းစွာ၊ ပွင့်ပွင့်လင်းလင်း မိမိအမြင်ကို ထုတ်ပြောနိုင်မယ့် ကျောင်းတွေ၊ ပတ်ဝန်းကျင်တွေ၊ နိုင်ငံတွေ တည်ဆောက်ကြရမှာပဲ ဖြစ်ပါတယ်။ တူ တူမလေးတို့ဟာ အကြမ်းဖက်မှုဆိုတာ ကမ္ဘာ့ဝေါဟာရ အဘိဓာန်မှာ မရှိတော့အောင် လုပ်ရမယ့် မျိုးဆက်ဖြစ်စေလိုပါတယ်။ တို့တွေ ထုတ်ပြောကြမယ်။ တိုင်ပင်ကြမယ်။ စည်းရုံးကြမယ်။ မှန်ကန်တဲ့ ရပ်တည်မှုကို ရွေးချယ်ကြမယ်။ အကြင်နာတရား လေးစားမှုမေတ္တာနဲ့ တစ်ဦးကိုတစ်ဦး ဆက်ဆံကြရပါလိမ့်မယ်။

အားလုံး **လိုက်နာရမယ့်အချက် ငါးချက်**ရှိပါတယ် -

(၁) ကျား မ မခွဲခြား မည်သူကိုမဆိုအားလုံးကို လေးစားမေတ္တာထားရပါမယ်။
(၂) တစ်စုံတစ်ယောက်ကို ထိတွေ့တော့မယ်ဆိုရင် နောက်ပြောင်တော့မယ်ဆိုရင် ဒါမှမဟုတ်သူ့ပုံပါတဲ့ ဓာတ်ပုံတစ်ခုခုကို မျှဝေတော့မယ်ဆိုရင် ခွင့်ပြုချက်တောင်းရပါမယ်။
(၃) တစ်စုံတစ်ယောက်ကို တစ်စုံတစ်ယောက်က နာကျင်စေနေပြီ၊ အနိုင်ကျင့်နေပြီဆိုရင် ပတ်ဝန်းကျင်ကို အသိပေးရပါမယ်။
(၄) အဆင်မပြေ လုံခြုံမှုခြိမ်းခြောက်ခံနေရတဲ့ သူငယ်ချင်းတွေကို ဖေးမကူညီရပါမယ်။
(၅) မိမိတို့ပတ်ဝန်းကျင်မှာ အကြမ်းဖက်မှုတွေ တွေ့နေပြီဆိုရင် ဆရာ၊ မိဘများနဲ့ ယုံကြည်စိတ်ချရတဲ့ လူကြီးသူမတွေကို အသိပေးတိုင်ကြားဖို့လိုပါတယ်။

အားလုံး**ရှောင်ကြဉ်ရမယ့် အချက်ကလည်း ငါးချက်**ပါပဲ။ ဒါတွေကတော့ -

(၁) ယောက်ျားလေးဖြစ်စေ မိန်းကလေးဖြစ်စေ တစ်စုံတစ်ယောက် အရှက်ရအောင် နောက်ပြောင်တာ မလုပ်ရပါဘူး။
(၂) မည်သူတစ်ဦးတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ခွင့်ပြုချက်မရှိဘဲ မထိတွေ့၊ မကိုင်တွယ်ရပါဘူး။
(၃) မတော်မတရားမှုကို တွေ့နေပြီဆိုရင် တိတ်ဆိတ်မနေသင့်ပါဘူး။
(၄) အကြမ်းဖက်မှုရဲ့ သားကောင်တွေကို အပြစ်မတင်ရပါဘူး။
(၅) အကြမ်းဖက်မှုဟာ ဖြစ်တတ်တဲ့ သဘာဝပါ၊ အိမ်တွင်းရေးပြဿနာ သက်သက်ပါလို့ ဘယ်တော့မှ မထင်မိပါစေနဲ့။

ဆိုခဲ့တဲ့ ဆောင်ရန် ငါးချက်၊ ရှောင်ရန် ငါးချက်ကို တူ တူမလေးတွေ စိတ်ထဲနှလုံးထဲအထိ ဆွဲမြဲအောင် မှတ်သားထားဖို့လိုအပ်ပါတယ်။

အချုပ်ဆိုရမယ်ဆိုရင် အကြမ်းဖက်မှုတွေရဲ့ အစဟာ လူသားအချင်းချင်း လေးစားမှုမရှိခြင်းပါပဲ။ လူသားအချင်းချင်း လေးစားမှုရှိပါစေ။ တူ တူမလေးတို့ မျိုးဆက်သစ်တွေကစတင်ပြီး အပြန်အလှန် လေးစားမှုတွေကို ပြသရပါမယ်။ တည်ဆောက်ရပါမယ်။ အချင်းချင်းလေးစားတဲ့ သူငယ်ချင်းတွေ၊ အချင်းချင်း လေးစားချစ်ခင်တဲ့ ကျောင်းပတ်ဝန်းကျင်၊ အချင်းချင်းလေးစားတန်ဖိုးထားတဲ့ လူ့ဘောင်တစ်ရပ်ဖြစ်ဖို့ ကိုယ်တိုင်တည်ဆောက်ထားတဲ့ ကိုယ်ကျင့်တရား၊ မှန်သောစကားများကို တိတိကျကျ ဖွင့်ဆိုနိုင်တဲ့ သတ္တိ၊ အကာကွယ်ပေးနိုင်မယ့် အဖွဲ့အစည်း၊ ဥပဒေ၊ မူဘောင်တွေရှိဖို့ လိုအပ်ပါတယ်။

ကျား မ အကြမ်းဖက်မှု ပပျောက်ဖို့ မျိုးဆက်သစ်များ အပြန်အလှန်လေးစားမှုရှိကြပါစို့ လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

## ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ပန်းတောင်း ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူ့စကားဝိုင်းကို ယနေ့တွင် ငါးဆယ်ပေးကျေးရွာဓမ္မာရုံ၌ ကျင်းပရာ အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်



ကိုယ်စားလှယ် ဦးသန်းဇော်က စီးပွားရေးဆိုင်ရာ အခက်အခဲ လိုအပ်ချက်များ ပြည်သူများကိုယ်စား လွှတ်တော်တွင် စနစ်တကျတင်ပြတောင်းဆိုပေးမည်ဖြစ်ရာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက မိမိတို့ကျေးရွာအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ၊ လယ်ယာမြေကိစ္စရပ်များ၊ လမ်း၊ တံတား၊ ရေပေးဝေရေး စသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့ပြီး လတ်တလော ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့ဦးစေတီအောင်မြေသာယာဘုရားတွင် အပူခံကျောက်ပြားခင်းရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်တို့က လှိုင်သာယာစက်မှုမြို့အပိုင်း(၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းဆိုင်အား ဂုဏ်ပြုလက်မှတ်ပေးအပ်စဉ်။ ဟန်နီ(ပြန်/ဆက်)

## အဖျောက်မြို့၌ သစ်မာပျိုးပင် ၁၀၀၀ စုပေါင်းစိုက်ပျိုး

**တိုက်ကြီး ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး



ကျင်းပသည့် ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်က အဖျောက်မြို့ ဥတို-ချောင်းသုံးခွ-အဖျောက်လမ်းတွင် ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်းဇော်၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသန်းစိုးနိုင်၊ နယ်မြေလုံခြုံရေးတပ်ဖွဲ့တာဝန်ခံ၊ အဖျောက်မြို့ အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွေး၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ကားလမ်းလမ်းဘေးဝဲယာတစ်လျှောက်တွင် ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ ခရေပျိုးပင်ပေါင်း ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဝတ်ရည်(ပြန်/ဆက်)

## တံတားဦးမြို့နယ်၌ ပြည်သူ ၃၀၀၀ ကျော် ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာလမ်းခင်း

**တံတားဦး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ပြူကန်-မြို့သာလမ်း ၁ ဒသမ ၇၀၅ ကီလိုမီတာမှ ၂ ဒသမ ၀၁၁ ကီလိုမီတာ ကတ္တရာခင်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ခင်မျိုးမျိုးလတ်နှင့် အဖွဲ့သည် ဇူလိုင် ၂၄ ရက်က ကွင်းဆင်းစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး



မှာကြားသည်။

အဆိုပါ ကတ္တရာလမ်းပြီးစီးပါက ကျေးရွာပေါင်း လေးရွာ ပြည်သူ ၃၀၀၀ ကျော်တို့ ရာသီမရွေး အဆင်ပြေလွယ်ကူ ချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



## လားရှိုးခရိုင်အတွင်း ကိုယ်ပိုင်လုပ်ငန်းစတင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းထောက်ပံ့

**လားရှိုး ဇူလိုင် ၂၈**

လားရှိုးခရိုင်အတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းကို ယမန်နေ့ နံနက်က လားရှိုးခရိုင်လူထုအခြေပြုဇဟိုဌာန၌ ကျင်းပရာ တာဝန်ရှိသူများက မုန့်ဖုတ်စက်ငါးလုံး၊ ကိတ်မွှေစက် သုံးလုံး၊ အိတ်ပိတ်ပါကင်စက်တစ်လုံး၊ ရေခဲသေတ္တာတစ်လုံးနှင့် လေစုပ်အိတ်ပိတ်စက် နှစ်လုံးတို့ကို လုပ်ငန်းထူထောင်မည့် ၁၂ ဦးထံ ပေးအပ်သည်။

"တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းငယ်တွေ စတင်ရာမှာ ရင်းနှီးမတည်ငွေအခက်အခဲကို ကျော်လွှားဖို့ လုပ်ငန်းသုံးပစ္စည်းတွေ ပေးအပ်ပြီး ကူညီဖြေရှင်းပေးတာဖြစ်ပါတယ်။ လုပ်ငန်းစလို့ ခြောက်လအတွင်းမှာ လုပ်ငန်းမှတ်ပုံတင် ဆက်လက်လုပ်ဆောင်ပေးသွားဖို့ရှိတယ်"ဟု ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက ပြောကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ ဝေဒနာရှင် ၉၀ ကျော်အား တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းကုသ

**ချောင်းဆုံ ဇူလိုင် ၂၈**

ချောင်းဆုံမြို့နယ်၌ တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် (၅၀) ဆံ့



မော်လမြိုင်တိုင်းရင်းဆေးရုံမှ တိုင်းရင်းဆေးမှူးများက တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းက မုရစ်ကြီးကျေးရွာ ကျေးရွာခန်းမ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယပြည်နယ်မှူး ဒေါ်ခင်ခင်ဦးက အမှာစကားပြောကြားပြီး တိုင်းရင်းဆေးမှူးများက ရာသီတုပ်ကွေး စသည့် အသိပညာပေးဟောပြောသည်။

ထို့နောက် ဒူးနာ၊ ခါးနာနှင့် အရိုးကျိုးပေါင်း ရောဂါဖြစ်ပွားနေသူ ၉၂ ဦးအား တိုင်းရင်းဆေးပညာဖြင့် ကုသခြင်းနှင့် အခမဲ့ ဆေးပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)



ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး အမှာစကားပြောကြားစဉ်။ ဘုန်းမြတ်

## ဆရာအတတ်ပညာတတ်ကျွမ်းမှု ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းဆင့်သင် (အတွေ့အကြုံရှိ)ဆရာ ဆရာမများအတွက် ဆရာအတတ်ပညာတတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) level 2 ဆိုင်ရာ အရည်



အသွေးမြှင့် ခရိုင်အဆင့် (ဆင့်ပွား) ဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် သဃ်္ဃန်းကျွန်း ခရိုင်ပညာရေးမှူး ဒေါ်စုစုခင်က အမှာစကားပြောကြားပြီး အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးများ၊ သင်တန်းကြီးကြပ်နှင့် နည်းပြ ဆရာ ဆရာမ ခုနစ်ဦး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့မှ ဆရာ ဆရာမ ၂၀၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မိုး**

## လှည်းကူးမြို့နယ်၌ စိုက်ဧက ၁၀၀၀ အတွက် သွင်းအားစုများပေးအပ်



**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက် သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုပေးအပ်ခြင်းနှင့် သက်တန့်ရောင်စီမံကိန်း ရန်ပုံငွေပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက်က သနပ်ပြင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ တာဝန်ရှိသူများက မိုးစပါးစိုက်တောင်သူ ၁၀၀ စိုက်ပျိုးဧက ၁၀၀၀ အတွက် လိုအပ်သည့် သွင်းအားစုများနှင့် သက်တန့်ရောင်စီမံကိန်း ရန်ပုံငွေဖြင့် အသင်းသုံးသင်း၏ အသင်းသား ၃၅ ဦး တို့အား ပံ့ပိုးငွေကျပ် ၆၈၈ သိန်း ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက သွင်းအားစုပံ့ပိုးပေးခြင်းနှင့် သက်တန့်ရောင်စီမံကိန်း ပံ့ပိုးပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်

**ရွှေတောင် ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ အသက် ၁၈နှစ်အောက် အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက မြို့နယ်အားကစားကွင်း၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကား ပြောကြားခဲ့သည်။

ပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီးအသင်း လေးသင်း စုစုပေါင်း ၁၆ သင်းဖြင့် ဇူလိုင်၂၅ ရက်မှ ဩဂုတ် ၁ ရက် အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)



မြင်းခြံမြို့နယ်၌ နေ့စဉ်စားအုန်းဆီ ၅၂ ပီပါခန့်ကို လက်ကားကိုယ်စားလှယ် ငါးဦး၊ လက်လီ ၂၃ ဆိုင်တို့မှ စားအုန်းဆီ ဝယ်ယူခွင့်စာအုပ်ဖြင့် အိမ်ထောင်စု တစ်စုအတွက် ဆီနှစ်ပိဿာ ငါးဆယ်ကျပ်သားကို သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးလျက်ရှိစဉ်။ ချစ်ဦးနွေ(မြင်းခြံ)



သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

## မိုးညှင်းမြို့၌ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘောနှင့် သံလုံးပစ်ပြိုင်ပွဲဆုချီးမြှင့်

**မိုးညှင်း ဇူလိုင် ၂၈**

မိုးညှင်းခရိုင်အတွင်း ရွက်ပုန်းသီးကျောင်းသားလူငယ် အားကစားသမားများ မွေးထုတ်ပေးနိုင်စေရန်၊ အားကစားမှတစ်ဆင့် မိမိတို့မြို့နယ်၊ ပြည်နယ်နှင့် နိုင်ငံဂုဏ်ဆောင်နိုင်စေရန်နှင့် စစ်မှန်သော အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျား/မ မီတာ (၁၀၀)၊ (၂၀၀)ပြေးခုန်ပစ်ပြိုင်ပွဲ၊ ကျား/မ မီတာ(၁၀၀) အလျားခုန်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်၊ ဘတ်စကတ်ဘောနှင့် သံလုံးပစ်ပြိုင်ပွဲစသည့် အားကစားပြိုင်ပွဲတို့မှ ပထမ၊ ဒုတိယနှင့် တတိယဆုများ ရရှိကြသည့် အားကစားသမားများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ဇူလိုင် ၂၆ ရက်တွင် မြို့နယ်အားကစားကွင်း၌ ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။




အဆိုပါ မိုးရာသီအားကစားပြိုင်ပွဲများကို ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ အားကစားနည်းငါးနည်းဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

ရွှေမိုးညှင်း

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက် PDF တို့ရဲ့ ယုတ်မာအောက်တန်းကျတဲ့စိတ်ဓာတ်”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက် PDF တွေရဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုတွေကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာ ထိခိုက်ဆုံးရှုံးနေရ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကဝမြို့နယ်၌ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဖြူးခြေထောက်ပင် ၁၈၀၀ စိုက်ပျိုး

**ကဝ ဇူလိုင် ၂၈**

ကဝမြို့နယ် ဘန်ဒါကျေးရွာ ဒီရေတောစိုက်ခင်းစခန်း၌ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဒီရေတောသစ်ပင် စိုက်ပျိုးပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၆ ရက်က ကျင်းပရာ ပဲခူးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးချမ်းမြေ့အောင်က ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒီရေတော ဂေဟစနစ်နှင့် ဒီရေတော စိုက်ပျိုးပြုစုခြင်းဆိုင်ရာ အချက်အလက်များ အပါအဝင်ဒီရေတောထိန်းသိမ်းရေးနှင့် သဘာဝဘေးဒဏ်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာခေါင်းစဉ်များဖြင့် ရှင်းလင်းဟောပြောသည်။



ထို့နောက် ဘန်ဒါကျေးရွာအနီး အောင်နိမိတ်ဒီရေတောကြိုးပြင် ကာကွယ်တောအတွင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကဝမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၀၀ တို့က ဖြူးခြေထောက် ၁၈၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

## အောင်ပန်းမြို့ ဇောတိမန်ငွေစုငွေချေးသမအသင်း အမှုဆောင်သစ်ရွေးချယ်

**ကလော ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ ဇောတိမန် အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည် အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲကို ဇူလိုင် ၂၆ ရက်က ဇောတိမန်ငွေစုငွေချေး သမဝါယမ အသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ကလောမြို့နယ် သမဝါယမဦးစီးဌာန၊ မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌက အဆိုပြုထောက်ခံစနစ်ဖြင့် ဥပဒေအသစ်နှင့်အညီ အမှုဆောင်သစ် ရွေးချယ်ခဲ့ပြီး တာဝန်ခွဲဝေ သတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## လှည်းကူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်

**ရန်ကုန် ဇူလိုင် ၂၈**

အသက် ၁၀ နှစ် ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခြင်းကို ယမန်နေ့က အထက (လှည်းကူး) ကျောင်းရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ အသက် ၁၀ နှစ် ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ပွင့်ဖြူမြို့နယ်၌ နွေသီးနှံ စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဇူလိုင် ၂၈**

ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၁၂၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ကေလျှင် ၁၀၄ ဒသမ ၀၆ တင်း ထွက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ နွေစပါးစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးသီးနှံ အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးနှင့် စနစ်တကျသိုလှောင်သိမ်းဆည်းတတ်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)





## သထုံမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်း

**သထုံ ဇူလိုင် ၂၈**

မွန်ပြည်နယ် သထုံမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း(၁/၂၀၂၆)ဆင်းပွဲကို ယနေ့နံနက်က လိပ်အင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သုဝဏ္ဏစုပေါင်းခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က သင်တန်းမှရရှိသည့် အတွေ့အကြုံဗဟုသုတများကို လက်တွေ့အသုံးချပြီး ရပ်ရွာအေးချမ်းတည်ငြိမ်ရေး၊ ပြည်သူ့ဘဝလုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ကာ သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၄ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူး ၅၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ကျောင်းများ၌ အာဟာရကျွေးမွေး

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၄၀ တို့တွင် ယမန်နေ့က နေ့လယ်စာအာဟာရကျွေးမွေးခြင်း ပြုလုပ်ရာ အနုအာဟာရမှုန့်ပါ ထည့်သွင်းကျွေးမွေးခြင်း၊ အစာအုပ်စုငါးစုနှင့် အာဟာရဆိုင်ရာဗဟုသုတများအကြောင်း ပညာပေးခြင်း၊ မိဘဆရာအသင်းဝင်များပါဝင်၍ လက်တွေ့ချက်ပြုတ်ပြသခြင်း၊ အစာမစားခင်လက်ဆေးခြင်း၊ အစာစားပြီးသွားတိုက်ခြင်း၊ အလေ့အကျင့်များရှိအောင် သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် တစ်လလျှင် နှစ်ကြိမ် ကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)



**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ်တို့တွေရှူသွင်း၊ လေသန့်ရှင်း မချွင်းရမှာ၊ တောကသာ။**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ သိင်္ဂါကီရိရပ်ကွက်၊ မြနန္ဒာလမ်း၊ ဦးပိုင်အမှတ် ( ၁၇၃ )၊ ဦးအေး အမည်ပေါက်၊ သိင်္ဂါ အနောက်၊ အကျယ်အဝန်း အလျား (၂၄)ပေ x အနံ (၅၅) ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့် မီတာကို အရှုပ်အရှင်း ကင်းရှင်း၍ ရောင်းချသူ ဒေါ်ခင်ချို ၈/မကန (နိုင်) ၃၅၆၃၂၆မှ ပိုင်ဆိုင်ပြီး မိမိသဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေ၊ မြေကွက်အားအပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသန်းမြင့် ၈/မကန(နိုင်) ၀၄၈၀၃၉ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပပဝင်း(LL. B)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ် ၁၅၇၂၈)**
**အမှတ် (၂/ ခ) စံပယ်လမ်း၊ သိင်္ဂါရပ်ကွက်၊ မကွေးမြို့**
**ဖုန်း - ၀၉ -၄၀၁၅၅၆၅၂၉**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအမှတ်(၈၃)၊ မြို့မရဲဌာလမ်း၊ ပါရုံရပ်ကွက်၊ ပြည်မြို့တွင်နေထိုင်သော ဒေါ်ဇာဇာဝင်း ၇/ပမန(နိုင်)၁၃၄၄၈၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာဇာဝင်းနှင့်ဦးမြင့်လွင်ဦး ၁၀/မလမ (နိုင်) ၀၀၂၂၉၉ တို့သည် ၂၀၀၄ ခုနှစ်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ၂၄-၇-၂၀၂၆ ရက်တွင် မရမ်းကုန်းခရိုင်တရားရုံး၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူနှင့် ဦးမြင့်လွင်ဦးတို့သည် မည်သို့မှ သက်ဆိုင်ခြင်းမရှိဘဲ ၎င်း၏ ပြုမူဆောင်ရွက်ချက်အဝဝသည် ၎င်းနှင့်သာသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာဇာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့်ဖြူဖြူလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၈၈/၂၀၂၃)**
**(LL.B,MA Business Law,D.B.L,D.I.L,WIPO Switzerland)**
**တိုက်(L9) ၊ အခန်း(04) ၊ သုခတော်ဝင်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်**
**ဖုန်း - ၀၉-၇၈၉ ၄၄၄ ၄၈၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မြေကွက်အမှတ်(L-337) ဟုခေါ်တွင်သော အလျား (၄၀) ပေ၊ အနံ (၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်စန္ဒာစိုး ၁၂/သကတ(နိုင်) ၁၅၆၆၄၆ ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်စန္ဒာစိုး အမှတ်(၄) ဗိုလ်လရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမင်းထက်သာ ၁၂/ပဘတ(ပြု)၀၀၀၈၇၀ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၈၀)**
**အမှတ် (၇/က)၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉၄၂၀၃၀၁၇၁၃**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် (RA-VI/ကွက်ပြင်-၆)၊ ဦးပိုင်အမှတ်(၆က/၃၁)၊ မြေဧရိယာ(၀.၁၄၇)ဧကရှိ ဂရန်အမှုတွဲအမှတ် (၉၆၃/၂၀၂၄-၂၅)အရ ဒေါ်ဗွေးရီမြင့် အမည်ပေါက် ဂရန်မြေနှင့်၎င်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးပြည့်ဖြိုးမောင်မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့် ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဖြူဖြူမင်း (စဉ်-၄၀၁၉၄)**
**(အထက်တန်းရှေ့နေ)**
**(LL.B, D.B.L, D.I.L, I. P. Law)**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၅၀၉၃၃၃၀**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ထမ္မကောက်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ Grade-8 မှ မအေမီဦး၊ Grade-3 မှ မောင်မြတ်မင်းသော်တို့၏ဖခင် ဦးခင်မောင်ဇော် ၏ အမည်မှန်မှာ ဦးမောင်ခင် ၈/ဆဖန(နိုင်)၁၄၄၃၅၆ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/4859 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 49W/89401 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/11600 Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ထွန်း ၉/ပသက (နိုင်) ၁၁၃၄၅၆ က မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7859 Mitsubishi Canter FE5ICB Van (4x2) R ယာဉ်လက်ဝယ်ရှိသူ DKSH Myanmar Ltd; က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22U/1573 Kamax 200 GL(197cc)ယာဉ်လက်ဝယ်ရှိသူ Kamax Group Co; ltd က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ)ဦးဟိုသန်း၏ သမီး ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)၊ စွန်လုံရပ်နေ ကျွန်မ ဒေါ်နန်းပန်ယုန်း (ခ) ဒေါ်နန်းပန် ၁၃/ကတန(နိုင်)၀၂၄၁၀ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်နန်းပန်ယုန်း(ခ)ဒေါ်နန်းပန်**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာနေ ဦးစိုင်းရန်အောင် ၁၂/သဃက(နိုင်)၁၆၄၈၆၅ ၏သား DYEC ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-6 မှ စိုင်းရဲရင့်ကို၏ အမည်မှန်မှာ မောင်စိုင်းရဲရင့်ကို ဖြစ်ပါကြောင်း။

**မောင်စိုင်းရဲရင့်ကို**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၅၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၃-လွှာ (တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု ကမ်းလှမ်းလာသူ ဒေါ်ခင်ဆွေထွန်း (၁၁/ပတန(နိုင်)၀၆၉၀၇၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပပမြင့်ဦး (၁၂/တမန(နိုင်) ၀၉၆၆၂)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့် အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဝင်းဇော်ဦး (LL.B) (စဉ်–၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း– ၀၉–၅၁၈၃၅၆၉၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကွဲနွားထောက်ကျေးရွာအုပ်စု၊ တိုးကြီးကုန်းကျေးရွာရှိအရှေ့လားသော်– အခြားခြံဝင်လမ်း၊ အနောက်လားသော်– ဦးမြင့်နိုင် မြေကွက်၊ တောင်လားသော်–ရွာလယ်လမ်းမ၊ မြောက်လားသော်– ဦးသိန်းတန် မြေကွက်စသည့်လားရာလေးရပ်အတွင်းရှိ ဧရိယာ (၅၀x၅၀) ပေအကျယ် မြေကွက်နှင့် မြေကွက်ပေါ်ရှိ တိုက်၊ ရေ၊ မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့အား ဦးမျိုးမြင့် (၅/မရန(နိုင်) ၀၁၆၅၅၈) မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်၊ စီမံပိုင်ခွင့် အာဏာရှိကြောင်း ဝန်ခံပြောဆိုသဖြင့် အဆိုပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲထွန်းထွေး (၉/မရတ(နိုင်)၁၂၀၇၅၂) မှ ဝယ်ယူရန် သဘောတူပြီး အဆိုပါ မြေကွက်၏ ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်ပြီး ယခုကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကန့်ကွက်လိုက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးကိုကိုကျော်(LL.B)** | **ဒေါ်ဖြူနှင်းသန့်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်–၁၂၀၁၀** | **စဉ်–၁၄၆၉၄** |
| **ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့** | **ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့** |
| **ဖုန်း–၀၉–၆၆၁၆၆၁၅၇၇** | **ဖုန်း–၀၉–၇၉၆၄၆၅၀၁၂** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက် အမှတ်နှင့်အမည်(၄၅/မြမာလာရပ်)၊ အရှေ့လားသော်– လမ်း၊ အနောက်လားသော်–ဦးပိုင်အမှတ်(၁၁)/အကွက်အမှတ်(၁၆)၊ တောင်လားသော်–ဦးပိုင်အမှတ်(၁၀–ခ)၊ မြောက်လားသော်– ဦးပိုင်အမှတ်(၁၀–စ) စသည့်အလားလေးရပ်အတွင်းရှိ ဦးပိုင်အမှတ်(၁၀–ဃ)၊ ဧရိယာ (၀.၁၅၅) ဧကရှိ ပြင်ဦးလွင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြေငှားဂရန်အမှတ်အမှတ် (၃၄၂/၂၀၂၃–၂၀၂၄) အရ ဒေါ်စန်းရီ အမည်ဖြင့် မြေငှားဂရန်ရရှိထားသည့်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် ရေ၊ မီး၊ မီတာနှင့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးအား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်စန်းရီ (ဘ)ဦးဒွေး(၉/မမန(နိုင်)၀၂၁၂၁၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်ဝင်းနန္ဒာဦး (ဘ) ဦးကျင်အေး (၁၂/မဂဒ(နိုင်)၁၂၆၇၀၈)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါအိမ်၊ မြေရောင်းချမှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးချမ်းမွန်(LL.B)၊ (စဉ်–၅၆၆၇၅)**

**အထက်တန်းရှေ့နေ**

**အမှတ်(၂၆၃)၊ ပြည်တော်သာ(၃)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**

**ဖုန်း–၀၉–၈၇၃၅၁၈၂၇၄**

## ဇနီးမယားအဖြစ်မှ စွန့်လွှတ်ကြောင်း

ကျွန်တော် ဦးလှနိုင် ၁၂/မရက(နိုင်)၀၃၆၉၂၁ ၏ဇနီး ဒေါ်သူဇာအောင် ၁၂/ရကန (နိုင်)၀၂၄၉၇၈ သည်ကျွန်ုပ်နှင့်သားသမီးများဂုဏ်သိက္ခာကျဆင်းစေမည့် ကိစ္စများအား အကြိမ်ကြိမ် ကျူးလွန်ပြီးခွင့်မလွှတ်နိုင်သော ကိစ္စများအား ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ တရားဝင်ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သောကိစ္စအဝဝသည်ကျွန်ုပ်နှင့်သားသမီးများနှင့် လုံးဝမသက်ဆိုင်ပါကြောင်းကြေညာအပ်ပါသည်။မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးလှနိုင် ၁၂/မရက(နိုင်)၀၃၆၉၂၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2266 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး၊**
**ဟသ်ာတမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/45164 Zong Shen –110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စော ၉/အမရ(နိုင်)၁၁၆၆၄၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/8173 Honda Fit GE–6 H/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၁၃/လခတ(နိုင်) ၀၀၅၂၃၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/78744 Yunde–110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၈/ပခက(နိုင်)၃၁၈၆၉၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အလက–ခွဲ (ကြပ်ကန်) Grade–7 မှ မောင်မြင့်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၉/ဝတန (နိုင်)၁၃၃၃၄၀ ဖြစ်ပါကြောင်း။

**ဦးစိုးဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/42319, SUZUKI 112, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသန္တာအောင် ၈/သရန(နိုင်)၀၈၉၈၃၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သရက်)**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ )
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၂၁

**ကွယ်လွန်သူ ဦးသန်းမောင်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရွာဟောင်းကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးသန်းမောင်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းကြူက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ( ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၉ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းမောင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ( ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၉ ရက် )၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်သန်းကြူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ပွင့်ဖြိုးလင်း )**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အလက–ခွဲ (ကြပ်ကန်) Grade–7 မှ မရွှေရတီဖူး၏ ဖခင်အမည်မှန်မှာ ဦးဇော်ထိုက် ၉/ဝတန(နိုင်)၁၄၂၅၀၅ ဖြစ်ပါကြောင်း။

**ဦးဇော်ထိုက်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ထီးလှိုင်ကျေးရွာအုပ်စု၊ ထီးလှိုင်(အနောက်) ကျေးရွာနေ မောင်ပြည့်ဖြိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင် ၉/ဝတန (နိုင်)၁၅၅၇၃၃ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းနိုင်**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၂၈၃ )
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၂၃

**ကွယ်လွန်သူ ဦးအေးမြင့်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ စွန်ရဲ ကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအေးမြင့်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်အေးလွင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် ( ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ ရက် ) တွင် ဆိုင်ဆို ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအေးမြင့်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ ( လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် ( ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်အေးလွင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( စိုးဝင်း )**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## စဉ့်ကိုင်မြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၁

၁။ ဦးမြသန်း နှင့် ဦးပေါ်သောင်း
၂။ ဒေါ်တင်မာလာအောင်

**(တရားလိုများ)** **(တရားပြိုင်)**

စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ ဝန်ထမ်းကွက်သစ်ရပ်နေ တရားပြိုင် ဦးပေါ်သောင်း (ဘ) ဦးငွေစံ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်ကြသော (၁)ဦးမြသန်း၊ (၂)ဒေါ်တင်မာလာအောင်က " ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက် ( ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ ရက်)၊ မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်၌ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**မြို့နယ်တရားသူကြီး**
**စဉ့်ကိုင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၆၇

ဒေါ်ဆန်းရီ(ခ)ဒေါ်ဆန်းမေ နှင့် ၁။ ဦးကျော်ဇင်ဝင်း(ခ)မုန်ကြီး
၂။ ဦးမြင့်ဆွေ(ခ)စိန်ကြီး
၃။ ဦးဝင်းထွဋ်

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကြူးဝန်းကျေးရွာနေ ၁။ ဦးကျော်ဇင်ဝင်း(ခ) မုန်ကြီး (ဘ) ဦးမြင့်ငြိမ်း၊ ၂။ ဦးမြင့်ဆွေ(ခ)စိန်ကြီး(ဘ)ဦးတင်ဦး(ယခုနေရပ်လိပ်စာ မသိ)၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ကက–၆/၃၆ နေ ဦးဝင်းထွဋ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ–၉အရ တရားလို လက်ရှိဖြစ်သောမြေနှင့်အဆောက်အအုံအား တရားပြိုင်များမှ တရားဥပဒေလမ်းကြောင်းအတိုင်း မဟုတ်ဘဲ အတင်းအဓမ္မကျူးကျော်ဝင်ရောက် နေထိုင်ခဲ့သဖြင့် တရားလို လက်လွှတ်ဆုံးရှုံးခဲ့ရသော နေအိမ်နှင့်ဝိုင်းမြေအား ပြန်လည်လက်ရောက် ရလိုမှု "လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၃ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ် ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရတနာဖြိုးဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ )
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၂၂

**ကွယ်လွန်သူ ဦးညိမ်း၏ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မိုးကောင်းကျေးရွာအုပ်စု၊ ချောင်းပတ်ကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညိမ်း၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်ညိမ်းတင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်(၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးညိမ်း၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ ( လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်၊ (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအား ဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ညိမ်းတင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်း အရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မြင့်မြင့်ချစ်ကျော် )**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/96902 New Aibo 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၉/သစန(နိုင်)၂၃၅၉၆၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/62893 Honda Scoopy–110 ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်းကျော် ၉/ပဥလ(နိုင်) ၀၂၆၈၆၆ က မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/23476 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းဦး ၅/ရဘန(နိုင်)၀၆၇၉၃၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/33201 Honda Click NC110BK ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၉/အမဇ(နိုင်)၀၆၁၄၆၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ MASHRUBA MYANMAR LIMITED သည် မတည်ငွေရင်းလျှော့ချခြင်းနှင့်ပတ်သက်ပြီး (၂၇/၇/၂၀၂၆) ရက်တွင် ကျင်းပခဲ့သည့် အထူးအထွေထွေ အစည်းအဝေးဆုံးဖြတ်ချက်အရ ယခင်အစုရှယ်ယာအရေအတွက် (၂၅၀) စု၊ ပေးချေပြီးတန်ဖိုးငွေ (၅,၀၀၀) USD၊ မပေးချေရသေးသည့်တန်ဖိုးငွေ(၂၀,၀၀၀) USD မှ ယခုမပေးချေရသေးသည့် တန်ဖိုးငွေ(၂၀,၀၀၀)USD လျှော့ချမည်ဖြစ်ပြီး နောက်ဆုံးကျန်ရှိသည့် အစုရှယ်ယာစုစုပေါင်းမှာ အစုရှယ်ယာအရေအတွက် (၅၀)စု၊ ပေးချေပြီးတန်ဖိုးငွေ(၅၀၀၀) USD ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**MASHRUBA MYANMAR LIMITED**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ် အ-လ-က(ပြရေ) Grade 9 မှ မမျိုးသီရိခိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် (၈/သရန(နိုင်) ၀၈၆၆၇၂) ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်**

## အမည်မှန်

သရက်မြို့ အ-ထ-က(၃)(လခွဲ) Grade 7 မှ (ဘ) ဦးသန်းဇော်ဦး (၈/သရန(နိုင်)၀၉၆၁၇၈) ၏ သားအမည်မှာ မောင်ဖြိုးသီဟ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/10305 Yinxiang-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း ၉/မနမ(နိုင်)၀၈၁၅၀၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/43727 Honda Click -125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၉/ပသက(နိုင်)၁၂၃၂၇၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 38W/1503 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းနိုင် ၈/မကန(နိုင်)၁၉၇၉၁၀ က ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉၂

ဒေါ်မီမီဝင်း နှင့် ဒေါ်သိန်းသိန်း
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်-၆၈၂ နေ ဒေါ်သိန်းသိန်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်းမြေကွက်နှင့်နေအိမ်အရောင်း အဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော် သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလို သည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၅

ဦးမျိုးမြင့် နှင့် ဒေါ်ရီ (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ဝင်းဝင်းသွယ်)
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်( လလ-၄၁ )နေ ဒေါ်ရီ(ဘ)ဦးသာဇံ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ဝင်းဝင်းသွယ်) (ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးမြင့် က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်( လလ - ၄၁)၊ ဦးပိုင်အမှတ် ( ၆၄ )၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးစိုးမြင့်အမည်ပေါက် ဂရန်မြေကွက်အား အရောင်း အဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊၂၀၂၆ ခုနှစ်၊ ဩဂုတ် လ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ အမှတ် (၄) ရပ်ကွက်၊ ပြည်ထောင်စုလမ်းနေ ဒေါ်မိုးမိုးဆွေ (၃/ကဆက(နိုင်)၀၀၂၂၉၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မ၏မိတ်ဆွေဖြစ်သူ ဦးသိန်းဦး (ကွယ်လွန်)နှင့် ဒေါ်မိုးမိုးဆွေ တို့၏သားဖြစ်သူ မောင်ဟိန်းမိုးဦး (၃/ကဆက(နိုင်)၀၅၄၇၄၁) သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေရန် ပြုမူသဖြင့် မောင်ဟိန်းမိုးဦးအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မောင်ဟိန်းမိုးဦးနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ ဒေါ်မိုးမိုးဆွေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွင်လွင်ထိုက် (LL.B) (စဉ်-၉၉၄၂/၂၀၁၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁)၊ (၁၀)လမ်း၊ ရွှေမြိုင်သီရိရပ်၊**
**ဘဲကုန်းဈေးအနီး၊ မော်လမြိုင်မြို့၊**
**ဖုန်း - ၀၉-၄၂၅၆၂၇၈၃, ၀၉-၇၁၈၈၄၀၂၂၃**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၅-၆-၂၀၂၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၅ တွင် ပါရှိသော ဒေါ်သီဂီအေး (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာ၌ ဖော်ပြထားသော ဒေါ်ဇာဇာလွင်၏ မှတ်ပုံတင်အမှတ်မှာ ၁၂/အဂတ(နိုင်)၀၈၉၃၅၁ ဟု မှားယွင်း ဖော်ပြထားသဖြင့် ဒေါ်ဇာဇာလွင်၏ မှတ်ပုံတင်အမှတ်အမှန်မှာ ၁၂/ဒဂတ(နိုင်)၀၈၉၃၅၁ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၃၀-၆-၂၀၂၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၉ တွင် ပါရှိသော ဒေါ်သီဂီအေး (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာ၌ ဖော်ပြထားသော ဒေါ်နှင်းစက်ကိုကို၏ မှတ်ပုံတင်အမှတ်မှာ ၁၂/ဒဂတ(နိုင်)၁၆၅၀၃၉ ဟု မှားယွင်း ဖော်ပြထားသဖြင့် ဒေါ်နှင်းစက်ကိုကို၏ မှတ်ပုံတင်အမှတ်အမှန်မှာ ၁၂/ဒဂတ(နိုင်) ၁၂/ဒဂတ(နိုင်) ၀၆၅၀၃၉ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဒေါ်နှင်းမာ ၁၂/ရကန(နိုင်) ၀၁၂၄၁၂၊ အဘအမည်၊ ဦးခင်မောင်ကြည် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက် အမှတ်(ပ-၂၂၄၁၂) ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၇၇/၂၀၂၂ (၆-၄-၂၀၂၂) ဖြင့် မြေကွက် အမည်ပေါက် အထူး ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စုနွယ်သောင်း ၉/ညဥန(နိုင်)၁၃၆၅၀၀ (ဘ)ဦးကြင်သောင်း မှ ဦးတင်ထွန်းအေး ၁၄/ပသန(နိုင်)၀၁၀၃၃၉ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရား ဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၀

ဒေါ်မကြည် နှင့် ဦးသာဂဒိုး
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း အမှတ်(၆၈၈)နေ တရားပြိုင် ဦးသာဂဒိုး(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ် စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၇) ရက် (၁၃၈၇ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသဥ္ဇာနွယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၁၆)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ပထမထပ် (တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း(၁၃ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်တင်တင်အေး (၁၂/တမန(နိုင်)၀၉၄၉၅၈)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်ဆွေထွန်း (၁၁/ပတန(နိုင်)၀၆၉၀၇၆)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗိုလ်ရဲထွဋ်ဦး စင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/12699 Honda C-90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံ ၉/ပဘန(နိုင်)၁၇၀၈၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/7430 Bajaj 200 T/M အား စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်နေ ဦးသိန်းဝင်း ၁၁/စတန(နိုင်)၁၄၅၃၇၁ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ) သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/5783 Bajaj 200 T/W အားစစ်တွေမြို့ ကသဲရပ်ကွက်နေ ဦးမင်းသီဟဖြိုး ၁၁/စတန(နိုင်)၀၉၃၂၀၁ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ) သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## မိဘအမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အမက (ရွာသစ်) Grade-5 မှ မောင်အောင်ပိုင်မိုး၏ မိဘအမည်မှန်မှာ ဦးကျော်မင်းဦး ၉/ဝတန(နိုင်)၁၉၂၃၀၀ နှင့် ဒေါ်မိုးမိုးထွေး ၉/ဝတန(နိုင်)၁၉၇၁၅၆ ဖြစ်ပါကြောင်း။

**ဦးကျော်မင်းဦး-ဒေါ်မိုးမိုးထွေး**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက-ခွဲ တောင်ဇဂျမ်းကုန်းကျောင်း Grade-8 မှ မောင်အောင်ချမ်းမြေ့ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ကျော် ၉/ဝတန(နိုင်)၁၈၁၇၁၄ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ကျော်**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက-ခွဲ တောင်ဇဂျမ်းကုန်းကျောင်း Grade-9 မှ မောင်သိန်းသန်းဝင်း ၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက်စိုး ၉/မထလ(နိုင်) ၃၀၃၂၉၅ ဖြစ်ပါကြောင်း။

**ဦးသန်းထိုက်စိုး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ အ.ထ.က(၁)ကျောင်း Grade-5 မှ မအိကြယ်ဇင်ဗိုလ်၏ ဖခင်အမည်မှန်မှာ ဦးရဲဗိုဇော် ၈/ခမန(နိုင်)၁၆၂၀၆၃ ဖြစ်ပါကြောင်း။

**ဦးရဲဗိုဇော်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ညောင်ဇင်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) Grade-9 မှ မောင်ဟိန်းထက်ဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မင်း ၈/မသန(နိုင်)၀၆၈၄၆၇ ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်မင်း**

## မိခင်အမည်မှန်

ရေဖြူမြို့နယ်၊ ကျောက်ကညာကျေးရွာနေ၊ အ.မ.က၊ ကျောက်ကညာ(တ) မအေးအေးနွယ် Grade(3)၊ မနွယ်ပြည့်ဖြိုး Grade(3)၊ မသူသူထွေး Grade(2) တို့၏ မိခင်အမည်မှန်မှာ ဒေါ်တင်မာဌေး (၆/ရဖန(နိုင်)၁၂၀၇၃၄) ဖြစ်ပါကြောင်း။

**ဒေါ်တင်မာဌေး**

**အမည် ပြောင်းလဲခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ (ဘ) ဦးရဲလင်းအောင် ၁၂/အစန(နိုင်) ၁၈၅၉၄၅ ၏ သမီးဖြစ်သူ မနှင်းသက်လျှာအောင်အား ယနေ့မှစ၍ မစုဒါရီသက်လျှာဟု ပြောင်းလဲခေါ်ပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2W/92806 Cheng Fei 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိရွှေစင် ၅/စကန(နိုင်)၃၀၀၆၇၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/64882, Canda-110 (Wave-6), M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်နိုင် ၉/တတဥ(နိုင်)၀၉၉၂၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ အောင်သစ္စာ(၆) လမ်း၊ အမှတ် (၇၈၂/ခ)နေ မြေညီနှင့် ထပ်ခိုးထပ်ပါ အကျယ်အဝန်း(၁၈ပေx ၅၄ပေ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဒေါ်မေသဇင် (၁၂/လသန(နိုင်)၀၂၀၉၆၂) မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဦးဇော်ဦး(၁၂/ကတတ(နိုင်)၀၃၀၇၆၃)မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်သောကြောင့် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းတကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသဇင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင် (LL.B, WIPO-Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၁၉၈)**
**ဖုန်း-၀၉-၄၂၅၃၂၈ ၂၆၃,၀၉-၇၅၆၀၂၁၉၇၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကျောက်တန်းကျေးရွာအုပ်စု၊ စိုင်ဂေါင်းကျေးရွာနေ ဒေါ်ဖြူဖြူတင် ၈/နမန(နိုင်)၀၈၇၉၁၃ ၏ သားဖြစ်သူ မောင်သီဟကျော် ၁/မကန(နိုင်)၂၃၁၁၂ သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲ အောင်အမျိုးမျိုး ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါရန်) မိခင် ဒေါ်ဖြူဖြူတင် ၈/နမန(နိုင်)၀၈၇၉၁၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကန်သာယာလမ်း၊ ကျီစု(အရှေ့) ကျေးရွာရှိ (၁၀'ပေx၈၅'ပေ) မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်မျိုးလွင် ၁၂/ဒဂဆ(နိုင်) ၀၀၀၇၃၃ မှ ၎င်းပိုင်ခြံမြေအား ရောင်းချလာပါသဖြင့် ကျွန်မ ဒေါ်ကြည်ကြည်စန်း ၁၂/ဥကတ(နိုင်)၀၅၂၂၆၉ မှ ဝယ်ယူခဲ့ပါသည်။ အရောင်း/အဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်း/အဝယ်ကိစ္စများအတွက် ပြီးမြောက်အောင်မြင်ပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်စန်း**
**၁၂/ဥကတ(နိုင်)၀၅၂၂၆၉**
**ဖုန်း-၀၉၄၂၀၇၃၉၁၀၆**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီး စိုက်ပျိုးမွေးမြူသူများ၏အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိအောင် ကာကွယ်ပေးရန်လိုအပ်

နေပြည်တော် ဇူလိုင် ၂၈

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ (၁/၂၀၂၆) ကြိမ်မြောက် စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များမှဒုတိယဥက္ကဋ္ဌများ၊ ပညာရှင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ (၁/၂၀၂၆) ကြိမ်မြောက် စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ သတင်းအညွှန်း


**အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်**
*ပြည်တွင်းသတင်း ◆ စာ ◆ ၁၂*

**(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အလေးမ၊ ဝူရှူးနှင့် Teqball အားကစားအဖွဲ့များ အားကစားနည်းအလိုက် လေ့ကျင့်**
*ပြည်တွင်းသတင်း ◆ စာ ◆ ၁၃*

**နီပေါ၏ ပထမဆုံး အဝေးပြေးလမ်း ဥမင်လိုဏ်ခေါင်း ဖွင့်လှစ်**
*နိုင်ငံတကာသတင်း ◆ စာ ◆ ၁၄*




# ဇွဲကပင်ယူနိုက်တက်အသင်းက Young Lionesses FC အသင်းကို ခြောက်ဂိုးပြတ်ဖြင့်အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၂၈

မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)ဒုတိယနေ့ ပွဲစဉ်အဖြစ် Young Lionesses FC နှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ ယနေ့ ညနေ ၃ နာရီခွဲက YUSC ကွင်း၌ယှဉ်ပြိုင်ကစားခဲ့ရာ ဇွဲကပင်အသင်းက အိုဖိုရီ၏ ဟက်ထရစ်သွင်းဂိုးများနှင့်အတူ ခြောက်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ စာမျက်နှာ ၁၅ ကော်လံ ၁ ■

# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အိမ်ရှင်ဖိလစ်ပိုင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရ

ရန်ကုန် ဇူလိုင် ၂၈

အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စု(B) ဒုတိယနေ့ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယနေ့ ညနေ ၄ နာရီခွဲက ဖိလစ်ပိုင်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက လေးဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစသည်နှင့် မြန်မာအသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပထမပိုင်း ပွဲချိန် ၇ မိနစ်တွင် ကျော်မင်းဦးက ဦးဆောင်ဂိုး စတင်သွင်းယူပေးပြီး ၂၈ မိနစ်တွင် သန်းပိုင်က

စာမျက်နှာ ၁၃ ကော်လံ ၅ ◆



# ရောဝတီမြစ်ရေ ဆိပ်သာမြို့တွင် စိုးရိမ်ရေမှတ်အောက်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# မူဘာဒါလာဒီစီအိုးပင်း ၁၆ ဦးအဆင့် အင်ဒိုနီးရှားထိပ်တန်းတင်းနစ်မယ် ဂျန်းနစ် တက်ရောက်

ကမ္ဘာ့အဆင့် ၃၆ ရှိ အင်ဒိုနီးရှားထိပ်တန်းတင်းနစ်မယ် ဂျန်းနစ်တျန်သည် မူဘာဒါလာဒီစီအိုးပင်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် နာမည်ကြီး စလိုဗက်



ကီးယားတင်းနစ်မယ် ရေဗက္ကာရှရမ်ကိုဗာကို ၆–၄၊ ၆–၂ ရလဒ်ဖြင့် အနိုင်ယူကာ ၁၆ ဦးအဆင့် တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ တင်းနစ်မယ် ဂျန်းနစ်သည် ရေဗက္ကာကိုအနိုင်ရရှိရန် အချိန်တစ်နာရီနှင့် ၂၁ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ရသည်။ ၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ဝင်ဘယ်ဒန်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဒုတိယအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ✳

# မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူအချို့ သေဆုံး／ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၈

မြို့နယ်အချို့၌ လက်နက်ကိုင် အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူအချို့သေဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးဖော်ထုတ်ရမိရေး လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၆ ရက် ည ၇ နာရီခွဲတွင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့နေ မနန်းခမ်းလောဝ် (၃၅)နှစ်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် အကြမ်းဖက်အဖွဲ့ (စိစစ်ဆဲ) က အများပြည်သူ ထိခိုက်စေရန် ရည်ရွယ်၍ ပစ်ခတ်လိုက်သည့် လက်နက်ငယ်ကျည်လာရောက်ထိမှန်ခဲ့မှုကြောင့် ၎င်းတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ○